http://www.dhammadownload.com

DHAMMAVIJJALAYA 2546 2003 CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၄၆)

# လူဆိုးလူမိုက်

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊(၂၂)လမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း၀၁-၃၈၄၁၉၃

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# လူဆိုးလူမိုက်

http://www.dhammadownload.com

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

# "လူဆိုး လူမိုက်"

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁-ရက် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဓော်ဘွားကြီးကုန်းရပ်ကွက် အနန္တဂုဏ် ရည်ကျောင်းတိုက် ထန်းပင်ကုန်း ပိတောက်မြိုင် ဓမ္မသဘင် ဆင်ယင်ကျင်းပရာ ဓမ္မပိမာန်အတွင်း၀ယ် ဟော ကြားအပ်သော "လူဆိုး လူမိုက်" အကြောင်းတရား ဒေသနာတော်။

"လူဆိုး လူမိုက်" မြန်မာလို ဆိုးသွမ်းတဲ့ပုဂ္ဂိုလ်တွေ, ကျိုးကြောင်းဆင်ခြင်သိမြင်မှု မရှိတဲ့ပုဂ္ဂိုလ်တွေကို ဒီလူက "လူဆိုး"ပဲ၊ ဒီလူက "လူမိုက်"ပဲလို့ ပြောကြတယ်၊ စကားနှစ်ရပ် ပေါင်းစပ်ပြီးတော့ "လူဆိုး လူမိုက်"လို့လည်း တွဲပြီး ပြောကြတယ်၊ "လူဆိုး" ဆိုတာ အမူအကျင့် ဆိုးသွမ်းတဲ့ပုဂ္ဂိုလ်မျိုးကို လူဆိုးလို့ ဆိုကြတယ်၊ "လူမိုက်"ဆိုတာကျတော့ 'မိုက်'

http://www.dhammadownload.com



ဆိုတဲ့ အဓိပ္ပါယ်က မှောင်မိုက်တယ်ဆိုတဲ့စကားအရ ကျိုးကြောင်းဆင်ခြင်မှု မရှိဘူး၊ အသိဉာဏ်မရှိဘူး၊ အမှန်အကန် မသိဘူး၊ ဒါ့ကြောင့် မိုက်နေတယ်၊ အဲဒီစကားကို ယူပြီးတော့ မိုက်တယ်လို့ ဒီလိုပြော တာပေါ့။

အဲဒါကို အခုခေတ်မှာ **မိုက်တယ်**ဆိုတဲ့ စကား လုံးကို အကောင်းဖက် သွားသုံးနေတာလည်း ရှိ တယ်၊ ချီးမွမ်းစကားကို "ဟာ ဒီလူက မိုက်တာပဲ" ဆိုပြီး ပြောတဲ့စကားဟာ တစ်ခါတစ်ရံ အကောင်း ကို ရည်ညွှန်းပြောရတာမျိုး ဖြစ်နေတယ်၊ ဗန်းစကား တွေအနေနဲ့ပေါ့နော်၊ သို့သော် မြန်မာစကားမှာ လူမိုက်လို့ မိုက်တယ်ဆိုကတည်းက အကောင်းကို ပြောတာ မဟုတ်ဘူး၊ လောကမှာ မှောင်တယ် မိုက် တယ်ဆိုတာ ဘာမှ မမြင်ရတာကို ပြောတာ၊ လူ့ဘဝ ရောက်လာပြီးတော့ ဘာမှ မမြင်တဲ့အခြေအနေထဲ ရောက်ရှိနေတဲ့ပုဂ္ဂိုလ်ကို မိုက်တယ်လို့ ဒီလို ပြောလို့

http://www.dhammadownload.com



ရတာပေါ့။ အဲဒီတော့ ဒီလောကမှာ ဗန်းစကားတွေကတော့ ရှိတာပေါ့။

ဗန်းစကားဆိုတာ ပြောင်းတိပြောင်းပြန် ပြောတာ၊ မြန်မာပြည်မှာတင် ရှိတာ မဟုတ်ဘူး၊ နိုင်ငံခြားတွေမှာလည်းပဲ ရှိတယ်၊ **သိပ်ကောင်းတယ်လို့** ပြောချင်လို့ရှိရင် Very bad လို့ ပြောတယ်၊ သူတို့လည်း သိပ်ဆိုးတယ်လို့ ပြောင်းပြန်, ပြန်ပြီး ပြောတာ၊ ဒီမှာလည်း ကောင်းတယ်ဆိုရင် မိုက်တယ်လို့ ပြောတာလည်း ရှိတယ်ပေါ့၊ သို့သော် မိုက်တယ်ဆိုတာ အဲဒီအဓိပ္ပါယ် မဟုတ်ဘူး၊ ဒါ ဘာဖြစ်လို့ ပြောရတာတုန်းဆိုတော့ ဒီကနေ့ ခေတ်ကလေးတွေက မိုက်တယ်ဆိုလို့ရှိရင် အကောင်းလို့ ထင်နေကြတယ်။

အဲဒီတော့ လူဆိုးလူမိုက်ဆိုတာ သူ့ရဲ့အမူအကျင့်ကလည်း ဆိုးသွမ်းတယ်၊ ကျိုးကြောင်းဆင်ခြင်သိမြင်မှု မရှိသည့်အတွက်ကြောင့် သူ့ဘဝဟာ အမှောင်ကျနေလို့ မိုက်ကန်းနေတယ်၊ "မိုက်"တယ်ဆိုတာနဲ့ နောက်က တွဲပြီးတော့ "ကန်း"တယ်ဆိုတာ

http://www.dhammadownload.com



အဓိပ္ပါယ်ရှိတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် မှောင်နေတယ်၊ မိုက်နေတယ်ဆို မမြင်ရဘူးပေါ့၊ မမြင်ရတော့ ကန်းတယ်ပေါ့၊ ဒါကြောင့်မို့ မြန်မာစကားမှာ မမြင် **မကန်း**ဆိုတဲ့ စကားလုံးလည်း သုံးတာ ရှိတယ်ပေါ့၊ မမြင်မကန်းဆိုတာ ကန်းလို့ မမြင်တာတော့ မဟုတ်ဘူးနော်၊ မှောင်မိုက်နေလို့ မမြင်ရဘူး၊ သို့သော် ကန်းနေတာ မဟုတ်ဘူးဆိုတဲ့အဓိပ္ပါယ်နဲ့ မမြင်မကန်းလို့ ဒီလိုသုံးတာ။

လူဆိုးလူမိုက်ဆိုတဲ့နေရာမှာ ဆိုးသွမ်းပြီးတော့ ကြောင်းကျိုးဆင်ခြင်မှုမရှိလို့ အသိဉာဏ်မရှိလို့ လုပ်သင့် မလုပ်သင့်ကို ခွဲခြားမသိဘူး၊ မသိသည့်အတွက်ကြောင့် လုပ်မိရာရာ လုပ်ချင်ရာရာတွေကို လုပ်နေတဲ့ပုဂ္ဂိုလ်ကို ဒါ လူဆိုးလူမိုက်လို့ မြန်မာစကားအရ သရုပ်ဖော်လို့ ရတယ်ပေါ့။

အဲဒီလူဆိုးလူမိုက်ရဲ့ပါဠိဘာသာစကားက ဘာတုန်းဆိုလို့ရှိရင် "ဗာလ"တဲ့၊ အားလုံး ဒီ"ဗာလ" ဆိုတဲ့စကားလုံးကို သိထားကြတယ်၊ မင်္ဂလသုတ်ထဲ

http://www.dhammadownload.com



မှာပါတဲ့ **"အသေဝနာ စ ဗာလာနံ"** ဗာလကို မပေါင်းသင်းရဘူးတဲ့၊ မင်္ဂလာရှိချင်လို့ရှိရင် **ဗာလကို** မပေါင်းသင်းရဘူး၊ **ဗာလနဲ့** လက်တွဲပြီးတော့ မနေရဘူး၊ **ဗာလနဲ့** နေရင် သူ့ရဲ့အမူအကျင့်တွေ ကူးစက်တတ်တယ်၊ မင်္ဂလာရှိချင်လို့ရှိရင် သူနဲ့ ပေါင်းသင်းဆက်ဆံမှု မလုပ်ရဘူးလို့ မြတ်စွာဘုရားက ၃၈-ဖြာ မင်္ဂလာတရားတော်တွေထဲမှာ အရေးအကြီးဆုံး နံပါတ်တစ်ထားပြီး ဟောထားတာ။

အဲဒီတော့ **ဗာလ**ဆိုတဲ့ ပါဠိစကားရဲ့အဓိပ္ပါယ်က မပေါ်သေးဘူး၊ မြန်မာလို ပြန်လို့ရှိရင် **ဗာလာနံ**-လူမိုက်လို့ပဲ ပြန်တယ်ပေါ့နော်၊ မိုက်တယ်ဆိုတာ ခုန ပြောခဲ့သလိုပဲ အမှောင်ကျနေလို့ အသိဉာဏ်မရှိလို့ အမိုက်ထဲ ရောက်နေတဲ့ပုဂ္ဂိုလ်၊ အမှောင်ထဲ ရောက်နေတော့ မမြင်ရဘူး၊ မမြင်တော့ လုပ်ချင်ရာ လုပ်တယ်ပေါ့၊ ကျိုးကြောင်းဆင်ခြင်မှုမရှိတဲ့ အသိဉာဏ် မှောက်မိုက်နေတဲ့ပုဂ္ဂိုလ်၊ ဆိုလိုတာက အဝိဇ္ဇာရဲ့ လွှမ်းမိုးမှုကို ခံထားရလို့ မကောင်းတာကို အကောင်း

http://www.dhammadownload.com



ထင်၊ ကောင်းတာကို မကောင်းဘူး ထင်ပြီးတော့ သူ့အဖို့ အမှောင်ထဲ ရောက်နေတဲ့ပုဂ္ဂိုလ်မျိုးကို လူမိုက်လို့ ဒီလိုပြောတာ။

သို့သော် ဗာလဆိုတဲ့ ပါဠိစကားမှာ ပိုပြီးတော့ အဓိပ္ပါယ်ရှိတဲ့ ဖွင့်ဆိုချက်တွေကို တွေ့ရသေးတယ်၊ ဗာလဆိုတာ ဘာလဲ၊ ဗာနဲ့ လ၊ ဒီစကားလုံးနှစ်လုံးမှာ တစ်လုံးစီ အဓိပ္ပါယ် ရှိတယ်၊ 'ဗာ'ဆိုတာက 'နှစ်' လို့ အဓိပ္ပါယ်ရတယ်၊ 'လ'ဆိုတာ ကျတော့ ဖျက်ဆီးတတ်တယ်၊ နှစ်မျိုးကို ဖျက်ဆီးသူလို့ ဆိုတယ်၊ ဘာကို ဖျက်ဆီးတာတုန်းဆိုတော့ ပစ္စုပ္ပန်အကျိုးစီးပွားကိုလည်း ဖျက်ဆီးတယ်၊ တမလွန်အကျိုးစီးပွားကိုလည်း ဖျက်ဆီးတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကို ဗာလလို့ ပြောတာ။

ဒီဘဝလည်း ကောင်းကျိုးချမ်းသာ မရဘူး၊ ဒီဘဝ ကောင်းကျိုးချမ်းသာရနိုင်တဲ့ အကြောင်းတရားတွေကိုလည်း ဖျက်ဆီးပစ်တယ်၊ နောင်ဘဝ ကောင်းကျိုးချမ်းသာတွေ ဖြစ်ပေါ်လာမယ့်အကြောင်းတရား

http://www.dhammadownload.com



တွေကိုလည်း ဖျက်ဆီးပစ်တယ်၊ ဒါကြောင့်မို့ အကျိုးနှစ်မျိုးကို ဖျက်ဆီးပစ်သူလို့ ပျက်စီးစေတတ်သူလို့ ဒီလို အမိပ္ပါယ်ရတယ်။

ဗာလရဲ့အဓိပ္ပါယ်က တစ်ခါ အဲဒီအဓိပ္ပါယ်ကိုပဲ တစ်မျိုးအားဖြင့် ပြောမယ်၊ 'ဗာ' 'နှစ်ခု'လို့ အဓိပ္ပါယ်ရတယ်၊ ဒီကျတော့ သူ့အကျိုး ကိုယ့်အကျိုး ကိုယ့်ရဲ့အကျိုးစီးပွားကို ပျက်စီးစေတယ်၊ သူများရဲ့ အကျိုးစီးပွားကိုလည်း ပျက်စီးစေတယ်၊ လူမိုက်ဆိုတာ သူက ကိုယ့်အတွက် အကျိုးရှိတယ်လို့ ထင်ပြီး လုပ်ပေမယ့် သူလည်း ထိခိုက်တာပဲ။

ဘာနဲ့ ဥပမာတူတုန်းဆိုရင် မစင်နဲ့ ကောက်ပြီးတော့ သူများကို ပေါက်တဲ့ပုဂ္ဂိုလ်လိုပဲ၊ မစင်ကောက်ပြီးတော့ ပေါက်တယ်ဆိုလို့ရှိရင် သူအရင် မပေပေဘူးလား၊ အေး အဲဒီအတိုင်းပဲ လူမိုက်က ကိုယ့်ကိုယ်ကိုလည်း ဖျက်ဆီးပြီးသား ဖြစ်တယ်၊ သူများကိုလည်း ဖျက်ဆီးတယ်၊ အဲဒါကြောင့်မို့လို့ ကိုယ့်အကျိုးကိုလည်း ဖျက်ဆီးတယ်၊ သူများအကျိုးကိုလည်း ဖျက်

http://www.dhammadownload.com



ဆီးတယ်၊ ကိုယ့်အကျိုးသူ့အကျိုးဆိုတဲ့ အကျိုးနှစ်မျိုးကို ဖျက်ဆီးတတ်သူဆိုတဲ့အဓိပ္ပါယ်နဲ့ **ဗာလ**ဆိုတဲ့ စကားလုံးကို သုံးတာတဲ့၊ ဒါက နောက်က 'လ'ဆိုတဲ့ စကားလုံးလေးကို ဖျက်ဆီးတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ ပြောတယ်၊ ပါဠိစာပေမှာ **'ဒွေ အတ္ထေ လုနာတိ'**၊ အကျိုးစီးပွားနှစ်မျိုးကို ဖျက်ဆီးတတ်တယ်၊ ဖျက်စီးစေတတ်တဲ့သူလို့ ဒီလိုရှင်းပြတယ်။

နောက်တစ်ခါ **ဗာလ**မှာ 'လ'ရဲ့အဓိပ္ပါယ်ကို တစ်မျိုးပြောင်းလိုက်တယ်၊ ဖျက်ဆီးတတ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကနေပြီးတော့ **"လာတိ ဂဏှာတိ"** ရယူတတ်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ ဖွင့်ပြန်တယ်၊ အဲဒီ အဓိပ္ပါယ်နဲ့ကျတော့ ဘယ်လို ပြောမတုန်းဆိုလို့ရှိရင် အခုဘဝမှာ အကျိုးမဲ့, နောင်ဘဝမှာ အကျိုးမဲ့, အကျိုးမဲ့ နှစ်မျိုးကို ရအောင်ယူတတ်သူလို့ ဒီလို အဓိပ္ပါယ်ရှိတယ်၊ အဲဒီတော့ ဆိုလိုတဲ့အဓိပ္ပါယ်က ဒီဘဝလည်း အကျိုးမရှိတာကို ရအောင် ယူတတ်တယ်၊ နောင်ဘဝ

http://www.dhammadownload.com



လည်း အကျိုးမရှိမယ့်ဟာကို ရအောင် ယူတတ်တယ် လို့ ဆိုတယ်။

ဆိုလိုတာက အကျိုးမဲ့ယူတယ်ဆိုတာ ကောင်းကျိုးချမ်းသာကို မယူဘူး၊ ပျက်စီးရာ ပျက်စီးကြောင်း အကျိုးကိုပဲ ရယူတယ်၊ ပျက်စီးမှုဆိုတဲ့ မကောင်းကျိုးကိုပဲ ရယူတယ်၊ အဲဒီတော့ ဒီဘဝ မကောင်းကျိုး နောင်ဘဝ မကောင်းကျိုး, ဒီမကောင်းကျိုး နှစ်မျိုးလုံးကို ရယူတတ်တဲ့ပုဂ္ဂိုလ်ကို ဗာလလို့ ဒီလို ခေါ်ပြန်တယ်။

နောက်အဓိပ္ပါယ်တစ်ခုက ဘာတုန်းဆိုလို့ရှိရင် ဗာလဆိုတဲ့စကားလုံးက ဗလဆိုတဲ့စကားလုံးက လာတယ်ပေ့ါ။ ဗလဆိုတာ အသက်မွေးတယ်၊ လောကမှာ လူဖြစ်လာလို့ရှိရင် လူတွေဟာ ဘာနဲ့ အသက်ရှင်ကြသလဲလို့ဆိုလို့ရှိရင် အသိပညာနဲ့ အသက်ရှင်ကြရတယ်၊ လူဖြစ်လာလို့ရှိရင် လူဟာ တိရစ္ဆာန်နဲ့ မတူဘူး၊ တိရစ္ဆာန်နှင့် မတူသည့်အတွက်ကြောင့် လူဖြစ်လာလို့ရှိရင် "ဒါက လုပ်သင့်တယ်၊ ဒါက မလုပ်

http://www.dhammadownload.com



သင့်ဘူး”ဆိုတာ ခွဲခွဲခြားခြား သိတတ်ကြတယ်ပေါ့။ အဲဒီလို အနည်းဆုံး လုပ်သင့်, မလုပ်သင့် ခွဲခြားသိတတ်တဲ့လူ၊ “ဒီစကား ပြောသင့်တယ်၊ ဒီစကား မပြောသင့်ဘူး”၊ “ဒီအလုပ် လုပ်သင့်တယ်၊ ဒီအလုပ် မလုပ်သင့်ဘူး” စသည်ဖြင့် ခွဲခွဲခြားခြား သိတတ်တဲ့ အသိပညာနဲ့ အသက်မွေးရမယ်။

ဒီလူကျတော့ အဲဒီလို အသက်မမွေးဘဲနဲ့ **ထွက်လေဝင်လေနဲ့ပဲ အသက်ရှင်သူလို့** အဓိပ္ပါယ်ရတယ်၊ လူတိုင်း လူတိုင်းဟာ နှာခေါင်းပေါက်က အသက်ရှူနေတာပဲ၊ အသက်ရှင်တယ်ဆိုတာ အသက်ရှူနေလို့ အသက်ရှင်တာပေါ့နော်၊ အသက်ရှင်နေလို့လည်း အသက်ရှူလို့ ရတယ်၊ အသက်ရှူနေလို့လည်း အသက်ရှင်လို့ ရတယ်၊ အဲဒီတော့ သူ့မှာ ဘာမှ မပါဘူး၊ သူအသက်ရှင်နေတာဟာ ပညာမပါဘူး၊ လုပ်သင့်တာ မလုပ်သင့်တာ ခွဲခြားမသိဘူး၊ အသက်ရှူရုံလေးနဲ့ အသက်ရှင်နေသူဆိုတဲ့အဓိပ္ပါယ်နဲ့ ဗာလလို့ ဒီလိုသုံးတာ။

http://www.dhammadownload.com



အဲဒီတော့ ဒီဗာလကတော့ လူ့ဘဝရောက်လာပြီးတော့ ဘာမှ မသိတတ်တဲ့လူလို့ အဓိပ္ပါယ်ရတယ်၊ အဲဒီတော့ ဒီအဓိပ္ပါယ်ကျတော့ **ဗာလ**ကို ဘယ်လိုပြန်မတုန်းဆိုရင် **လူမိုက်**လို့ပဲ ပြန်ရမယ်။

ခုနက အဓိပ္ပါယ်ကျတော့ ပစ္စုပ္ပန်ရဲ့အကျိုးစီးပွားကို ဖျက်ဆီးတတ်တယ်၊ တမလွန်အကျိုးစီးပွားကို ဖျက်ဆီးတယ်၊ သူတစ်ပါးရဲ့အကျိုးကို ဖျက်ဆီးတယ်၊ မိမိရဲ့အကျိုးစီးပွားကို ဖျက်ဆီးတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ သူက လူဆိုးလို့ သတ်မှတ်လို့ ရသေးတယ်နော်၊ ပျက်အောင်လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ သူက **လူဆိုး**၊ မသိရုံသက်သက်ဆိုရင် **လူမိုက်**နော်၊ ခုနက ကောင်းကျိုးချမ်းသာကို မလုပ်တတ်သည့်အတွက်ကြောင့် ပစ္စုပ္ပန်အကျိုးမဲ့ကိုလည်း ရအောင်ယူတတ်တယ်၊ တမလွန်ဘဝအကျိုးမဲ့ကိုလည်း ရအောင် ယူတတ်တယ်၊ အဲဒီပုဂ္ဂိုလ်ကျတော့လည်းပဲ သူက **လူမိုက်**ပဲ၊ သူ့ကျတော့ ခုနက အဓိပ္ပါယ်နဲ့ ယူ

http://www.dhammadownload.com



မယ်ဆိုရင် သူ့ကို **လူဆိုးလို့လည်း** ခေါ်နိုင်တယ်၊ **လူမိုက်လို့လည်း** ခေါ်နိုင်တယ်။

ဒါကြောင့်မို့လို့ ဗာလအဓိပ္ပါယ်ကို သိထားဖို့ လိုတယ်၊ လူ့ဘဝရလာလို့ရှိရင် တို့တစ်တွေဟာ ဘာနဲ့ အသက်ရှင်ရမလဲဆိုတာကို သိဖို့ လိုအပ်တယ်ပေါ့၊ လူဖြစ်လာလို့ရှိရင် လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားသိရမယ်၊ သူ့အကျိုး ကိုယ့်အကျိုးကို နားလည်ရမယ်၊ ပစ္စုပ္ပန်အကျိုး တမလွန်အကျိုး ဒီနှစ်မျိုးကို ရအောင် ယူတတ်ရမယ်တဲ့၊ အကယ်၍ ရအောင် မယူတတ်ဘူး ဆိုလို့ရှိရင် ဘယ်စာရင်းထဲ ပါသွားတုန်းဆို လူဆိုးလူမိုက်ဆိုတဲ့ ဗာလစာရင်းထဲပဲ ပါသွားတယ်၊ ဆိုးမှ ဗာလ မဟုတ်ဘူးနော်၊ ဆိုးတာရယ် မိုက်တာရယ်၊ နှစ်ခုစလုံး၊ အဲဒီတော့ **မဆိုးရလေအောင် မိမိကိုယ်ကို ပြုပြင်ရတယ်၊ မမိုက်ရလေအောင် အသိဉာဏ်တွေကို ဆည်းပူးအားထုတ်ကြရတယ်၊** အဲဒါကျတော့မှ လူတော်လူကောင်းဆိုတာ ဖြစ်လာနိုင်တယ်တဲ့။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ သူ့ရဲ့ဆန့်ကျင်ဘက်စကားလုံး က **ပဏ္ဍိတ**လို့ ခေါ်တယ်၊ ပဏ္ဍိတလို့ဆိုတဲ့ ပါဠိ စကားလုံးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့အညီ သူ့မှာ အသိ ပညာ ဖြစ်ပေါ်လာမှုရှိတဲ့ပုဂ္ဂိုလ်ကို ပဏ္ဍိတ၊ မြန်မာ လိုကတော့ 'ပညာရှိ'လို့ ဒီလိုပြန်လိုက်တာပေါ့နော်၊ ပညာဆိုတာ အရာရာကို ခွဲခြားသိမြင်တဲ့ အသိပညာ မျိုး၊ အရာရာကို ခွဲခြားသိတတ်တဲ့ပညာမျိုး၊ ပိုင်း ပိုင်းခြားခြား သိတတ်တဲ့ပညာကို ပညာလို့ ခေါ်တာ၊ အဲဒီပညာဟာ သူ့သန္တာန်မှာ ရှိတယ်လို့၊ အဲဒါကျ တော့ **ပဏ္ဍိတ**၊ ပညာမရှိတဲ့ဟာကျတော့ **ဗာလ**၊ အဲဒီ တော့ လူဆိုးလူမိုက်ဆိုတာဟာ ပဏ္ဍိတဆိုတဲ့ ပုဂ္ဂိုလ် ရဲ့ ဆန့်ကျင်ဘက်လို့ ဒီလို မှတ်ရမယ်ပေါ့၊ ကောင်းပြီ ဒါ **ဗာလ**နဲ့ပတ်သက်တဲ့ လူဆိုးလူမိုက်ရဲ့ အဓိပ္ပါယ် က ဒီလိုရှိတယ်ပေါ့။

အဲဒီလူဆိုးလူမိုက်ဟာ ရံဖန်ရံခါ အတတ်ပညာ တွေ သင်ထားတယ်၊ ဆိုပါစို့ - အတတ်ပညာဆိုတဲ့ နေရာမှာ လက်မှုပညာပေါ့၊ လက်မှုပညာတစ်ခုခု

http://www.dhammadownload.com



သင်ထားမယ်၊ ဘယ်လိုလက်မှုဖြစ်တုန်းဆိုရင် စဉ်းစား ကြည့်ပေါ့ - လူဆိုးဟာ လေးမြားပစ်တတ်တယ်၊ သေနတ်ပစ်တတ်တယ်ဆိုလို့ရှိရင် လူဆိုးလက်ထဲ ရောက်နေတဲ့သေနတ်ဟာ အန္တရာယ်ကြီးတစ်ခု ဖြစ် သွားတယ်၊ မြားပစ်တတ်တယ်ဆိုရင် သူ့မှာရှိနေတဲ့ လက်နက်ဟာ အကောင်းမဖြစ်ဘူး၊ ဥပမာမယ် - လူတော်လူကောင်းရဲ့ လက်ထဲမှာရှိတဲ့ဓါးဟာ လူသုံး ပစ္စည်းတစ်ခုခုကို ဖန်တီးပေးနိုင်တယ်နော်၊ သစ်ပင် တွေ ဝါးပင်တွေ လှအောင် လုပ်ပေးနိုင်တယ်၊ လို အပ်တဲ့အချက်တွေကို ဖြည့်ဆည်းပေးတယ်၊ လူမိုက် ရဲ့လက်ထဲ ဓါးရောက်သွားပြီဆိုရင် အဲဒီဓါးကတော့ အန္တရာယ်ကြီး ဖြစ်သွားပြန်တယ်ပေါ့၊ အဲဒါလိုပဲ **လူမိုက်တတ်ထားတဲ့ ပညာတစ်ခုဟာ သူ့ကိုယ်သူ ဖျက်ဆီးဖို့ အများပျက်စီးဖို့** ဒီလိုဖြစ်တတ်တယ်တဲ့။

အဲဒီအဓိပ္ပါယ်ကိုလည်းပဲ မြတ်စွာဘုရားက ဟောထားတာ ရှိတယ်၊ "လူမိုက်တွေ တတ်ထားတဲ့ အတတ်ပညာတစ်ခုဟာ"တဲ့၊ "သူ့ကိုယ်သူဖျက်ဆီးဖို့

http://www.dhammadownload.com



ပဲ”၊ အများကို ဒုက္ခပေးဖို့ တတ်ထားတာ ဖြစ်နေတယ်၊ **ယာဝဒေဝ အနတ္ထာယ** - ခုနက ဗာလဆိုတဲ့ လူဆိုးလူမိုက်ရဲ့တတ်ထားတဲ့ပညာရပ်တစ်ခုဟာတဲ့၊ **ယာဝဒေဝ** - သူလည်း အကျိုးမဲ့ဖြစ်ဖို့, ကျန်တဲ့ပုဂ္ဂိုလ်တစ်ယောက်လည်း အကျိုးမဲ့ဖြစ်ဖို့ သက်သက်ပဲ ဖြစ်တယ်တဲ့၊ ဘာမှ ကောင်းကျိုးချမ်းသာ ဆောင်ကြဉ်းပေးမှာ မဟုတ်ဘူးတဲ့၊ သူ့အတတ်ပညာက မိုက်ပြီဆိုလို့ရှိရင် လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားမသိဘူး၊ ဘယ်လိုလုပ်ရမယ်ဆိုတဲ့နည်းလမ်းကိုလည်း မသိဘူး။

ငါးရာ့ငါးဆယ်ထဲ ပါတဲ့ ဇာတ်လမ်းကလေးတွေ ရှိတယ်၊ သားအမိနှစ်ယောက် ဆန်ဖွပ်နေတယ်၊ ဆန်ဖွပ်နေတဲ့အခါကျတော့ မှက်ကြီးတစ်ကောင်က အမေ့ရဲ့နဖူးကို လာကိုက်တယ်၊ ကိုက်တဲ့အခါကျတော့ လက်မအားလို့ “ငါ့သမီး ငါ့နဖူးမှာ မှက်ကြီးကိုက်နေတယ်၊ မောင်းလိုက်စမ်းပါ”လို့ဆိုတော့ ဘာလုပ်တုန်းဆိုတော့ အနားနားမှာရှိတဲ့ ကျည်ပွေ့နဲ့ ငါ့အမေကို

http://www.dhammadownload.com



ကိုက်ရမလားလို့ဆိုပြီးတော့ နဖူးမှာ ကိုက်နေတဲ့မှက်ကို ကျည်ပွေ့နဲ့ထုတော့ မှက်ကတော့ ပျံသွားတာပေါ့။ သေတာက အမေဖြစ်နေတယ်၊ ပြီးတော့မှ ချုံးပွဲချငိုတယ်၊ ကဲ - စဉ်းစားသာ ကြည့်ပေါ့နော်၊ သတ်တာက မှက်၊ သေတာက အမေဖြစ်သွားတယ်၊ မောင်းလိုက်စမ်းပါဟဲ့ဆိုရင် ဒီလိုမောင်းရမှာ မဟုတ်ဘူးဆိုတာ သူမသိတာကို ကြည့်၊ ကျည်ပွေ့နဲ့ ကောက်ပြီးတော့ ထုလိုက်လို့ရှိရင် ငါ့အမေ သေသွားလိမ့်မယ်လို့ သူမသိဘူး၊ ကိုက်ရကောင်းလား ဆိုပြီးတော့ မှက်ကို ထုတာပဲ၊ အဲဒါမျိုး ကို မိုက်တယ်လို့ပြောတာနော်၊ လူတွေကလည်း ဟဲ့-မိုက်လိုက်တာ မိုက်လိုက်တာ ဒီလိုလုပ်ရတာ မဟုတ်ဘူး၊ ဒီမှာ မိုက်လိုက်တာဆိုတာ မသိလိုက်တာလို့ ပြောတာ။

အဲဒါလိုပဲ ငါးရှာငါးဆယ်ဇာတ်ထဲမှာ ကျေးရွာတစ်ရွာကလူတွေ ရွာပတ်ဝန်းကျင်မှာ တောအုပ်တွေ ချုံပုတ်တွေ ရေမြောင်းတွေရှိတော့ ခြင်တွေ ပေါတယ်၊ ခုခေတ်လိုလည်း ခြင်ဆေးဖျန်းတာတို့ ဘာတို့ ဒီလို

http://www.dhammadownload.com



မရှိသေးဘူးပေါ့၊ ခြင်တွေ ကိုက်တဲ့အခါကျတော့ ကဲ တို့ ဘာလုပ်မလဲ၊ ဒီခြင်တွေကို စစ်ဆင်ရေးလုပ်မယ် ပေါ့နော်၊ ခြင်နဲ့ စစ်တိုက်ကြမယ်၊ ခြင်နဲ့ စစ်တိုက်တဲ့ အခါကျတော့ ဘာလုပ်လဲလို့ဆိုရင် ခြင်တွေရှိတဲ့ တောထဲသွားတဲ့အခါ ခြင်တွေက လူတွေကို လာ ကိုက်၊ အဲဒီခြင်တွေကို မြားနဲ့ပစ်မယ်ဆို တစ်ယောက် နဲ့ တစ်ယောက်ပဲ ခြင်အကိုက်ခံနေတဲ့လူတွေကို မြား နဲ့ ပစ်တဲ့အခါ ခြင်ကတော့ ပျံသွားတာပေါ့၊ သေတာ က လူတွေ သေကုန်ကြတယ်၊ အဲဒီလို မိုက်တာမျိုး ကို ဗာလလို့ ပြောတာ၊ အဲဒါကြောင့်မို့လို့ ဗာလတွေ တတ်ထားတဲ့ အတတ်ပညာတစ်ခုဟာ အကျိုးမဲ့ကို ဖြစ်ပေါ်စေတတ်တဲ့ အတတ်ပညာတွေချည်းပဲလို့ မြတ်စွာဘုရားက ဟောတာ၊ **ယာဝဒေဝ အနတ္ထာယ** - လူမိုက်သိတဲ့အသိပညာဟာ အကျိုးမဲ့ဖြစ်ဖို့ပဲ၊ မကောင်းကျိုးကို ရလာဖို့ပဲ ဖြစ်တယ်၊ ကောင်းတဲ့ စိတ်ဓာတ်ကလေးတွေ ဖြူစင်တဲ့အပိုင်းကလေးတွေ ကို ဖျက်ဆီးပစ်တယ်၊ ဆိုလိုတာက လူမိုက်လုပ်လိုက်

http://www.dhammadownload.com



ရင် ပြဿနာနဲ့ချည်းပဲ၊ ကောင်းတာတစ်ခုမှ ဖြစ်မလာဘူး၊ အသိပညာဆိုတဲ့ဦးထိပ်ဟာ ကြေမွသွားတယ်၊ ဉာဏ်ပညာမရှိသည့်အတွက်ကြောင့် မှားယွင်းသွားတယ်၊ ဒီလိုဆိုလိုတယ်။

အဲဒါကို ဘာကြောင့် ဟောတာတုန်းလို့ဆိုတော့ ရှေးတုန်းက ကျောက်စရစ်ခဲပစ်တဲ့အတတ်တတ်တဲ့လူတစ်ယောက် ရှိတယ်၊ အဲဒီလူဟာ ကျောက်စရစ်ခဲလေးတွေ ကိုင်ပြီးတော့ ဆန်းဆန်းကြယ်ကြယ် သစ်ရွက်ကလေးတွေကို ပုံစံအမျိုးမျိုးပေါ်အောင် ပစ်ဖောက်နိုင်တယ်၊ သူ့စွမ်းရည်သတ္တိက ကျောက်စရစ်ခဲပစ်တာ အလွန့်ကို ပညာပါတယ်ပေါ့၊ အဲဒီလူက ဟိုဟိုဒီဒီ မသွားနိုင်ဘူး၊ ဒါကြောင့်မို့လို့ "သူဆွံ့"လို့ ခေါ်တယ်၊ သူဆွံ့ဆိုတာ သူများချီပွေ့ပြီးတော့မှ သွားနိုင်တယ်၊ ခုခေတ်မှာဆိုလို့ရှိရင် ပိုလီယိုရောဂါ သမားလိုပေါ့နော်၊ ခြေထောက်က ဟိုဟိုဒီဒီ မလှုပ်နိုင်တဲ့ပုဂ္ဂိုလ်၊ ကိုယ့်ဟာကိုယ်ကို မသွားနိုင်တဲ့ပုဂ္ဂိုလ်၊ ဒုက္ခိတပေါ့၊ ဒါပေမယ့် သူက လက်သန်

http://www.dhammadownload.com



တယ်၊ ခဲလေးတွေ ကိုင်ပြီးတော့ ပစ်လိုက်တဲ့အခါ တည့်အောင် ပစ်နိုင်တယ်၊ ဒါ သူ့ပညာပဲ။

တစ်နေ့ကျတော့ ဘုရင်ကြီးက စကားများတဲ့ ပုဏ္ဏားကြီးတစ်ယောက်ကို နားငြီးလွန်းလို့ ဒီသူဆွံ့ကို အကူအညီတောင်းတယ်၊ "ငါ့မှာ စကားများလွန်းတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ပါးစပ်ပေါက် ပိတ်အောင် မင်း လုပ်နိုင်မလား"လို့ဆိုတော့ သူဆွံ့က ပြောတယ်၊ ဆိတ်ချေး တစ်ပြည်သားလောက် ရရင် ရပါတယ်တဲ့၊ ဆိတ်ချေးဆိုတာ အလုံးကလေးတွေနော်၊ အဲဒီဆိတ်ချေး တစ်ပြည်သားလောက် ရရင် သူလုပ်ပေးပါမယ်လို့ ပြောတယ်။

ဘုရင်ကြီးဆီ အဲဒီပုဏ္ဏားကြီး လာတဲ့အခါ သူ့ပါးစပ်ပေါက်နဲ့ချိန်ပြီး အပေါက်ဖောက်ထားတဲ့ လိုက်ကာလေးတစ်ခု ကာထားတယ်၊ ပုဏ္ဏားကြီးရဲ့ပါးစပ်ပေါက်နဲ့ တည့်တည့်နေရာတစ်ဖက်က အဲဒီကျောက်စရစ်ခဲပစ်တတ်တဲ့သူဆွံ့က ထိုင်နေမယ်၊ ဟိုပုဏ္ဏားကြီးက စကားပြောမယ်၊ ပါးစပ်ဟလိုက်တာနဲ့ အဲဒီ

http://www.dhammadownload.com



အပေါက်ကနေပြီး ဆိတ်ချေး တစ်လုံးတစ်လုံး ပစ်ထည့်ရမယ်၊ ပုဏ္ဏားကြီးကလည်း ပါးစပ်ကို ဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် သူများ ပြောခွင့် မရှိလောက်အောင် စကားများတယ်။

အဲဒီပုဏ္ဏားကြီး ရောက်လာပြီး ဘုရင်ရှေ့မှာထိုင်ပြီး တစ်ခွန်းပြောလိုက် တစ်လုံးပစ်ထည့်လိုက်၊ တစ်ခွန်းပြောလိုက် တစ်လုံးပစ်ထည့်လိုက် လုပ်တယ်၊ ပုဏ္ဏားကြီးကလည်း စကားအလွန်ပြောချင်တာဆိုတော့ ဘာအလုံးလေးတွေ ဝင်လာမှန်း မသိဘဲ ပါးစပ်ထဲ ရောက်လာတာကို စကားပြော ပျက်မှာစိုးလို့ မျိုမျိုချတာ၊ ဆိတ်ချေးတစ်ပြည်သားသာ ကုန်သွားရော စကားပြောတာ မရပ်သေးဘူး၊ အဲဒီတော့ ဘုရင်ကြီးက ပြောရတယ်၊ ဆရာ ဆိတ်ချေးတစ်ပြည်သား ဗိုက်ထဲ ရောက်သွားပြီ၊ သွားပြီး ဝမ်းနှုတ်ဆေးလေးဘာလေးသောက်ပြီးတော့ ဗိုက်ထဲက ဆိတ်ချေးတွေ ထုတ်လိုက်ဦးလို့ ပြောတော့ သူ အရှက်ရသွား

http://www.dhammadownload.com



ပြီးတော့ အဲဒီနောက်မှာ စကား သိပ်မပြောတော့ဘူး တဲ့ နော်။

အဲဒီသူဆွဲ့ရဲ့အတတ်ပညာက ဘယ်လောက် ကောင်းတုန်း၊ ပါးစပ်ဟရင် အံကိုက် ပစ်သွင်းနိုင် တယ်၊ သူက ထွေးထုတ်လို့ မရလောက်အောင် ပစ် သွင်းလိုက်တာ၊ အာခေါင်ထဲရောက်သွားတော့ မျိုချဖို့ ပဲ ရှိတော့တာပေါ့၊ ဆိတ်ချေးလေးကလည်း ဆေးလုံး လေးတွေလိုပဲ၊ အရွယ်အစားကလည်း အတော်ပဲ ဆိုတော့ မျိုမျိုချတယ်၊ မြေပဲစေ့လေးတွေလောက် ရှိ မှာပေါ့နော်။

အဲဒါနဲ့ တခြားလူတစ်ယောက်က အဲဒီအတတ် ပညာကို သဘောကျတယ်၊ သဘောကျလို့ အဲဒီသူဆွဲ့ ဆီ သွားပြီးတော့ သင်တယ်ပေါ့၊ "ဆရာ ဒီပညာသင် ပေးစမ်းပါဦး"လို့ ဆိုတော့ ဟိုက "မင်းမသင်ပါနဲ့"တဲ့၊ ဘာလို့ သင်မှာတုန်း၊ သင်မပေးချင်ဘူး၊ နောက်ဆုံး ကျတော့ သူ့ကို ဝတ်ကြီးဝတ်ငယ်ပြု သူသဘောကျ လောက်အောင် လုပ်ပြီး တောင်းပန်တိုးလျှိုးတဲ့အခါ

http://www.dhammadownload.com



သင်ပေးလိုက်တယ်၊ သင်ပေးလိုက်တာ ပညာရပ်တွေ အကုန်လုံးတတ်သွားပြီ၊ "ဒီတော့ မင်းပညာတွေ စုံပြီ၊ ပညာသွားပြီး စမ်းပေတော့၊ ဒါပေမယ့် တိရစ္ဆာန်တွေဘာတွေ သွားမစမ်းနဲ့"၊ တိရစ္ဆာန်တစ်ကောင် သေလို့ရှိရင် အဲဒီခေတ်က ငွေတစ်ရာ ဒဏ်တပ်ခံရတယ်၊ "လူလည်း သွားမစမ်းနဲ့၊ လူသွားစမ်းလို့ လူသေရင် မင်း ငွေတစ်ထောင် ဒဏ်ရိုက်ခံရလိမ့်မယ်"၊ အဲဒီတော့ ဆရာက အကြံပေးလိုက်တာ"မင်း ကလေကချေသမားတစ်ယောက်ကို စမ်းကြည့်ပေါ့ကွာ၊ အမေအဖေမရှိ တရားစွဲမယ့်လူမရှိတဲ့ ကလေကချေ ဘယ်ကဟာမှန်း မသိ, ဘယ်သူကမှ တရားမစွဲမယ့် ပုဂ္ဂိုလ်မျိုး သွားစမ်း"လို့ မှာလိုက်တယ်။

သူက ကလေကချေရှာဖို့ စဉ်းစားလိုက်တဲ့အခါ ဖန်ရည်စွန်းတဲ့အဝတ်ကြီးကို ဝတ်ပြီး သပိတ်ကြီးပိုက်ပြီး ဆွမ်းခံလာလာနေတဲ့ တောထဲမှာ တစ်ပါတည်းနေတဲ့ ပစ္စေကဗုဒ္ဓါတွေ့တယ်၊ အင်း သူ့မှာ အမေလည်း မရှိဘူး၊ အဖေလည်း မရှိဘူး၊ သူ့ဘာသူ

http://www.dhammadownload.com



တောထဲနေတာဆိုတော့ ကလေကချေပဲ၊ သူ့စမ်းမှပဲ လို့ဆိုပြီး ပစ္စေကဗုဒ္ဓါ ကြွလာတဲ့အခါ ပညာစမ်းတဲ့ အနေနဲ့ ချွန်ထက်တဲ့ခဲလေးကို ကိုင်ပြီးတော့ ဘယ် ဘက်နားက နေပြီးတော့ နားပေါက်ထဲ ဝင်အောင် ပစ်လိုက်တာ ဟိုဘက်နားထိအောင် ပေါက်သွားတယ်၊ အဲဒါနဲ့ပဲ ပစ္စေကဗုဒ္ဓါရှင်မြတ်ဟာ ဒဏ်ရာအပြင်း အထန်ရပြီး ပရိနိဗ္ဗာန်စံသွားရှာတယ်။

မြတ်စွာဘုရားလက်ထက်တုန်းကလည်းပဲ ဒီလို ပဲ၊ ရဟန်းနှစ်ပါး ဆွမ်းခံသွားရင်း ကမ်းခြေတစ်ခုက နေ ဖြတ်သန်းသွားတဲ့အခါ ကောင်းကင်ယံမှာ ဟင်္သာ (ခုခေတ် တောဘဲခေါ်တာပေါ့။) အဲဒီ ဟင်္သာနှစ် ကောင်ဟာ ပျံလာတာ၊ ဟင်္သာဆိုတာ အမြဲတမ်း သူ က အတွဲလိုက်လေး နေတယ်၊ ဟင်္သာနှစ်ကောင် ပျံ လာတဲ့အခါကျတော့ အဲဒီရဟန်းနှစ်ပါးထဲမှာ တစ်ပါး က ကျောက်စရစ်ခဲပစ်တတ်တဲ့အတတ် ရှိတယ်၊ သူ က ဘာပြောတုန်းဆိုတော့ အဲဒီဟင်္သာနှစ်ကောင် ထဲက တစ်ကောင်ကို ဒီဘက်မျက်လုံးတစ်ဖက်က

http://www.dhammadownload.com



နေပြီး ဟိုဘက်မျက်လုံးတစ်ဖက် ပေါက်သွားအောင် ခဲနဲ့ သူပစ်ချပေးနိုင်တယ်ပေါ့၊ တစ်ပါးက ကိုယ်တော် မဖြစ်နိုင်ဘူးတဲ့၊ အပြောမကြီးနဲ့ဆိုတော့ အပြောကြီး တာ မဟုတ်ဘူး၊ ဒီဘက်မျက်လုံးက ပစ်လိုက်ရင် ဟို ဘက်မျက်လုံးက ထွက်သွားအောင် ငါ ပစ်နိုင်တယ်၊ အဲဒီလို ပြောပြီးတော့ သူကြိုက်တဲ့ ကျောက်စရစ်ခဲ လေးနှစ်ခုကို ကောက်ကိုင်ပြီး လက်ထဲမှာ ဆုပ်ကြည့် ပြီး ခဲတစ်လုံးကို ပစ်တင်လိုက်တယ်၊ ခဲက ဝှီးကနဲ ဆိုပြီးတော့ ဟင်္သာရဲ့နောက်ကျောကနေ ဖြတ်သွား တော့ ဟင်္သာက လန့်ပြီးတော့ ဘာသံတုန်းဆို လှည့် အကြည့်လိုက်မှာ နောက်ခဲတစ်လုံးက မျက်လုံးတစ် လုံးကို ပစ်လိုက်တာ သူပြောတဲ့အတိုင်းပဲ ဒီဘက် မျက်လုံးတစ်လုံးကနေ ဖောက်ပြီး ဟိုဘက်မျက်လုံး တစ်လုံးကို ပေါက်ထွက်သွားပြီး ဟင်္သာက သူတို့ ခြေရင်းမှာ ကျလာတယ်၊ သူတို့ပညာရပ်ကလည်း အဲဒီလောက်ထိအောင် စွမ်းတယ်နော်၊ အဲဒီရဟန်း

http://www.dhammadownload.com



ကို ရဟန်းတွေက ဝိုင်းကဲ့ရဲ့ရှုတ်ချကြတယ်၊ ဒါ **ဟံသဃာတကဝတ္ထု** ဆိုတာ ရှိတယ်ပေါ့နော်။

အေး ခုနက လူကလည်းပဲ လူမိုက်ဆိုတော့ လုပ်သင့်တာ မလုပ်သင့်တာ မသိဘူး၊ သွားလုပ်လိုက်တာ ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန်စံသွားတယ်၊ အဲဒီလို ပရိနိဗ္ဗာန်စံသွားတော့ ကိုးကွယ်ဆည်းကပ်နေတဲ့လူတွေက ပစ္စေကဗုဒ္ဓါကို မီးသင်္ဂြိုဟ်ကြမလို့ စုဝေးရောက်လာတဲ့အခါမှာ သူက "ဒါ ငါလက်တဲ့စမ်းလိုက်တာပေါ့၊ မနက်က မြို့ထဲဆွမ်းခံလာတုန်းက ငါလက်တဲ့စမ်းလိုက်တာ၊ နားပေါက်ထဲကို ခဲလေးတစ်လုံး ပစ်ထည့်လိုက်တာ ဟိုဘက်နားက ထွက်သွားတယ်"လို့ ပြောလိုက်တယ်၊ သူလုပ်တယ်လို့လည်း လူကြားထဲ ပြောရော လူတွေက ဒေါသတကြီးနဲ့ သူ့ကို ဝိုင်းသတ်လိုက်ကြတာ၊ သေဆုံးပြီး အဝီစိငရဲရောက်သွားတယ်။

အကုသိုလ်ကံဆိုတာက မနေဘူးလေ၊ တကယ့်ပုဂ္ဂိုလ်မြတ်ကို ပြစ်မှားတာ ဖြစ်သည့်အတွက်ကြောင့်

http://www.dhammadownload.com



သေတာနဲ့ အငိစိငရဲရောက်တယ်၊ အဝီစိငရဲက လွတ်လာတဲ့အခါကျတော့ ဘာဖြစ်တုန်းဆိုရင် ရာဇဂြိုဟ်ပြည်နားမှာ ပြိတ္တာကြီးတစ်ကောင်ဖြစ်တယ်၊ အဲဒီပြိတ္တာကြီးဟာ ဘယ်သွားသွား ကောင်းကင်ယံက တူကြီးတွေက သူ့ခေါင်းပေါ်မှာ တဒုန်းဒုန်းနဲ့ ထုနေတယ်၊ တူကြီးတွေ ခေါင်းပေါ်မှာ ကျလာတာ မီးရဲရဲနဲ့၊ အဲဒီလို တစ်ခေါင်းလုံး အထုခံနေရတဲ့ဟာမျိုး သွားဖြစ်တယ်တဲ့၊ ဆိုလိုတာက လူမိုက်ဟာ ဘယ်လို အတတ်ပညာတတ်တတ် ကောင်းတဲ့အကျိုးစီးပွားကို မရဘူး။

ခုနတုန်းက စကားများတဲ့ ပုဏ္ဏားကြီးရဲ့ ပါးစပ်ပိတ်အောင် လုပ်နိုင်တဲ့လူကတော့ ဆုတွေ ရတယ်နော်၊ စနစ်တကျ အသုံးချတတ်တဲ့လူကတော့ ဆုတွေရတယ်၊ ဟိုလူကတော့ ပစ္စေကဗုဒ္ဓါသတ်မိလို့ ငရဲလည်း ကျတယ်၊ နောက်ဆုံး ပြိတ္တာကြီးလည်း ဖြစ်တယ်၊ ဆင်းရဲဒုက္ခတွေ ခံရတယ်တဲ့။

http://www.dhammadownload.com



မြတ်စွာဘုရားက ဗာလနဲ့ ပတ်သက်ပြီးတော့ ဗာလဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ ဆိုးတယ် မိုက်တယ် ဆိုတာ ဘာကို ကြည့်ပြီး ပြောတာလဲလို့ ဆိုတဲ့နေရာမှာ မြတ်စွာဘုရားက ဗာလရဲ့သွင်ပြင်လက္ခဏာ လူဆိုးလူမိုက်ရဲ့ သွင်ပြင်လက္ခဏာသုံးမျိုးကို ဟော ထားတယ်။

အဲဒီသုံးမျိုးက ဘာလဲလို့ဆိုရင် **ဒုစ္စိန္တိတစိန္တိ**-ကောင်းတာ ဘယ်တော့မှ စိတ်မကူးဘူး၊ လူတကာ ဒုက္ခပေးမယ့်စိတ်ကူးပဲ ကူးတယ်၊ အများဒုက္ခရောက် မယ့်စိတ်ကူးမျိုးတွေ စိတ်ကူးတယ်နော်၊ ဒီကနေ့ခေတ် မှာလည်း ရှိတာပဲ၊ အများဒုက္ခရောက်မယ့်ဟာတွေကို လုပ်တာတွေလေ၊ အဲဒီလို မကောင်းတဲ့အတွေးတွေ စိတ်ကူးတဲ့ပုဂ္ဂိုလ်, အများဒုက္ခဖြစ်ဖို့ စိတ်ကူးတဲ့ပုဂ္ဂိုလ် တွေဟာ ဗာလပဲတဲ့၊ အဲဒါကို ကြည့်ပြီးတော့ ဒီပုဂ္ဂိုလ် ဟာ လူဆိုးလူမိုက်လို့ သတ်မှတ်ရတယ်။

နောက်တစ်ခု စကားပြောတဲ့အခါမှာလည်း အကောင်းဘယ်တော့မှ မပြောဘူးတဲ့၊ အများ

http://www.dhammadownload.com



ကောင်းကျိုးချမ်းသာရစေတတ်တဲ့ စကားမျိုးကို မပြောဘူး၊ **ဒုဗ္ဘာသိတဘာသီ** လူတကာ ဒုက္ခရောက်မယ့်စကားမျိုးတွေချည်းပဲ ပြောတယ်တဲ့၊ ကိုယ်ထိလက်ရောက်လုပ်တဲ့အခါမှာလည်းပဲ **ဒုက္ကဋကမ္မကာရီ** မကောင်းတဲ့အလုပ်ကိုပဲ လုပ်တယ်တဲ့၊ ဒါ လူမိုက်ရဲ့သွင်ပြင်လက္ခဏာသုံးမျိုး - မကောင်းတာ ကြံတယ်၊ မကောင်းတာ ပြောတယ်၊ မကောင်းတာ လုပ်တယ်။

လုပ်သည့်အတွက်ကြောင့် ကိုယ်လုပ်တဲ့လုပ်ရပ်အတွက် ပြန်ပြီးတော့ ပေးဆပ်ရတယ်၊ ဒုက္ခရောက်ရတယ်၊ ပူပန်ဆင်းရဲရတယ်၊ ဒါကြောင့်မို့ မကောင်းတာလုပ်တယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ လုပ်နေတဲ့အချိန်မှာလည်းပဲ ဒုက္ခရောက်တယ်၊ ဒီဘဝမှာလည်း ဒုက္ခရောက်တယ်၊ **ပါပကာရီ** - မဟုတ်တာလုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ **ဣဓ တပ္ပတိ**- ဒီဘဝမှာလည်း ပူပန်ရတယ်၊ ဆင်းရဲရတယ်၊ **ပေစ္စ တပ္ပတိ** - နောင်ဘဝမှာလည်း ပူပန်ရတယ်။

http://www.dhammadownload.com



ကြည့်လေ - ခုနက ပစ္စေကဗုဒ္ဓါကို သွားပြီးတော့ ကျောက်စရစ်ခဲနဲ့ပစ်ပြီး ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန်စံအောင်လုပ်တဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝမှာလည်း အထောင်းအထု အသတ်အဖြတ် ခံလိုက်ရသေးတယ်၊ သေသွားတဲ့အခါလည်း ငရဲရောက်တယ်၊ ငရဲက လွတ်တဲ့အခါလည်း ပြိတ္တာကြီးဖြစ်ပြီး ဒုက္ခရောက်ရတယ်၊ သူ့လုပ်ရပ်ကလေးကြောင့် သူ ဒုက္ခရောက်နေတာနော်။

အဲဒါကြောင့်မို့လို့ ဗာလဆိုတဲ့ပုဂ္ဂိုလ်ဟာ အဲဒီပုဂ္ဂိုလ်မျိုးပဲတဲ့နော်၊ ကောင်းတာ တစ်ခုမှ မဖြစ်ဘူး၊ ပြီးတော့ ဗာလဟာ သူလုပ်သမျှဟာ ဒုက္ခပေးတာဖြစ်သောကြောင့် သူကတော့ သူ့ကိုယ်သူကို သူ့အတွက် အကျိုးရှိလိမ့်မယ်လို့ ထင်တယ်၊ ဒါပေမယ့် သူ့ရဲ့လုပ်ရပ်တွေဟာ သူ့ရဲ့ရန်သူတွေချည်းပဲ၊ အကုန်လုံး ဘာလုပ်လုပ် ဘာပြောပြော သူလုပ်သမျှကိစ္စတွေဟာ သူ့ရန်သူပဲ၊ တစ်ချိန်ကျလို့ရှိရင် သူ့ရဲ့လုပ်ရပ်တွေက သူ့ကိုပြန်ပြီးတော့ ဒုက္ခပေးသွားမှာ။

http://www.dhammadownload.com



လောကမှာ လူဆိုးလူမိုက်ဆိုတာ တစ်ခါတစ်ရံ ကျတော့ မိုက်ပြီဆိုတဲ့ကောင်ဟာ ပညာသင်ပေးလို့ မရအောင် မိုက်တဲ့ကောင် ရှိတယ်၊ ဆိုးတဲ့ကောင်က လည်း ပြင်ပေးလို့ မရလောက်အောင် ဆိုးတာ ရှိ တယ်၊ လူဆိုးလူမိုက်ကို အမေအဖေကလည်း ပြင်လို့ မရဘူး၊ ဆရာသမားတွေကလည်း ပြင်လို့ မရဘူး၊ ဘယ်လောက်ပဲ မိဘကောင်း ဆရာသမားကောင်း တွေ့ပေမယ့်လို့ သူက ဘယ်တော့မှ ကောင်းတဲ့ဘက် ကို ပြောင်းလဲမလာအောင် ဆိုးတဲ့လူဆိုးက ရှိသေး တယ်။

အဲဒါကို မြတ်စွာဘုရားက ဘာနဲ့ ဥပမာပေး တုန်းဆိုတော့ ဟင်းမွှေယောင်းမနဲ့ တူတယ်တဲ့၊ ဟင်း မွှေနေတဲ့ ယောင်းမကြီးက ဘယ်တော့မှ ချဉ်တယ် လည်း ပြောတာ မရှိဘူး၊ ငန်တယ်လည်း မပြောဘူး၊ ခါးတယ်လည်း မပြောဘူး၊ အမြဲတမ်း ဟင်းအိုးမျိုးစုံ သူ မွှေနေရတယ်၊ ဒါပေမယ့် ချိုချဉ်ငန်စပ်ဆိုတာ သူ ဘာတစ်ခုမှ မသိဘူးနော်၊ အမြဲတမ်း ပေါင်းနေပေ

http://www.dhammadownload.com



မယ့်လို့ သူက မသိဘူး၊ ဗာလဟာလည်းပဲ ဘယ်လို မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်း တွေနဲ့ ပေါင်းပေါင်း ဟင်းမွှေယောင်းမကြီးလိုပဲ အကောင်းအဆိုး ဘာမှ မသိဘူးတဲ့၊ ပြင်လို့ မရတဲ့ လူဆိုးလူမိုက်ဆိုတာ ရှိသေးတယ်၊ ဒါကြောင့်မို့ မိမိ တို့ကိုယ်တိုင် လူမိုက်ဆိုတာ မဖြစ်အောင် လူဆိုးဆိုတာ မဖြစ်အောင် အသိဉာဏ်နဲ့ အသက်မွေးရမယ်။

မြတ်စွာဘုရားက **ပညာဇီဝံ** - လူ့ဘဝရလာ တယ်ဆိုလို့ရှိရင် အသိပညာနဲ့ အသက်မွေးရမယ်တဲ့၊ အသိပညာနဲ့ အသက်မွေးတာဟာ အကောင်းဆုံးပဲ တဲ့၊ အရာရာမှာ အကောင်းအဆိုး အကြောင်းအကျိုး စဉ်းစားဆင်ခြင်ပြီးတော့ နေထိုင်ရမယ်တဲ့၊ ဒါကြောင့် မို့လို့ တရားနာကြရတယ်၊ ဆရာသမားတွေရဲ့အဆုံး အမကို ခံကြရတယ်၊ စာပေကျမ်းဂန်တွေ ဖတ်ရှုကြရ တယ်၊ လေ့လာကြရတယ်၊ ဆုံးမသြဝါဒတွေ နာယူကြ ရတယ်၊ ဘာဖြစ်လို့တုန်း၊ အခုလို လူဆိုးတို့ လူမိုက် တို့ဘဝက လွတ်ကျွတ်အောင်လို့ ဒီလိုပြောတာနော်၊

http://www.dhammadownload.com



**အသိဉာဏ်ရှိလာလေလေ လူ့မိုက်ဘဝက လွတ်လေလေ၊ လူမိုက်ဘဝက လွတ်ရင် လူဆိုးဆိုတာ မဖြစ်လာတော့ဘူးပေါ့။**

လောကမှာ လူတွေက အဆိုးအကောင်းတို့ အကျိုးအကြောင်းတို့ နားမလည်တော့ဘူးဆိုလို့ရှိရင် လူ့ဘဝရတဲ့အခါမှာ ဘာတွေနဲ့ အသုံးချတတ်တုန်း၊ **'ပါပသ္မိံ ရမတိ မနော'**လို့ဆိုတဲ့အတိုင်း လူ့ရဲ့စိတ်ဟာ မကောင်းတဲ့အလုပ်တွေပေါ်မှာ မွေ့လျော်တယ်၊ ပျော်ပိုက်တယ်၊ ဥပမာဆိုပါတော့ - တရားနာလာဖို့နဲ့ ပွဲကြည့်ဖို့ရန်ပေါ့၊ ဒီနှစ်ခုပဲ ယှဉ်ကြည့်ပေါ့၊ ပွဲကြည့်ဖို့ကျတော့ လွယ်လွယ်ကူကူ သွားနိုင်တယ်၊ ဘာအလုပ် ရှိရှိ၊ စိတ်ကိုက ညွတ်တာ၊ ဒါ လူတိုင်းတော့ မတူဘူးပေါ့၊ တပည့်တော်တို့ကတော့ ပွဲမကြည့်ပါဘူး၊ တရားပဲ နာတာပါဆိုတဲ့လူလည်း ရှိမှာပေါ့၊ ဒါ တော်တော်လေး ပြုပြင်ထားလို့ ကောင်းလာတဲ့သဘောပဲ၊ ကိုယ့်ကိုယ်ကို ကျေနပ်အားရမှာပဲနော်၊ ကိုယ့်ကိုယ်ကို ဒီဘဝထဲ ပြုပြင်ထားတာ ဟုတ်

http://www.dhammadownload.com



ချင်မှ ဟုတ်မယ်၊ ဘဝါဘဝက ကြိုက်လာလို့နော်၊ ကောင်းတဲ့စိတ်ဓာတ်တွေ မွေးလာလို့ ဒီလို ဖြစ်တာ၊ သာမန်အားဖြင့် ပြောမယ်ဆိုရင် ပွဲကြည့်ဖို့နဲ့ တရားနာဖို့ဆိုလို့ရှိရင် ပွဲကြည့်ဖို့ပဲ ပိုပြီး စိတ်ပါဖို့ ရှိတယ်၊ တရားနာဖို့ဆိုတာ အလွန်ခဲယဉ်းတယ်ပေ့ါ။

ဘာဖြစ်လို့ ခဲယဉ်းတာတုန်းလို့ မေးလို့ရှိရင် **'ပါပသ္မိံ ရမတိ မနော'** လူတွေရဲ့စိတ်ဆိုတာ မကောင်းတဲ့ဘက်မှာပဲ အကျင့်ကြီးပါနေတာ၊ လွယ်လည်း လွယ်တယ်လေ၊ ရေစုန်နဲ့ရေဆန် ဘယ်ဟာလွယ်တုန်းဆိုလို့ရှိရင် ရေစုန်ရတာ လွယ်လွယ်လေးပဲ၊ တက်ကလေးတင်ပြီးတော့ လှေပေါ်မှာ ထိုင်လိုက်သူ့ဟာသူ မျောသွားမှာပဲ၊ ရေဆန်တက်ကျတော့ အဲဒီလို လုပ်လို့ မရဘူး၊ တက်တစ်ချက် ရပ်လို့ မရဘူး၊ ပြန်မျောသွားတယ်၊ အဲဒါကြောင့် မြတ်စွာဘုရားရဲ့တရား ကောင်းတဲ့အလုပ်တွေဆိုတာဟာ ရေဆန်နဲ့အလား တူတယ်တဲ့၊ အမြဲတမ်း လှော်ခတ်နေရတယ်၊

http://www.dhammadownload.com



အမြဲတမ်းကြိုးစားအားထုတ်နေရတယ်၊ ကြိုးစားအား ထုတ်မှုမရှိဘဲနဲ့ သူ့ဟာသူတော့ ဖြစ်မလာဘူး။

လောကမှာ လူရယ်လို့ ဖြစ်လာရင် အလွယ် လမ်းကို လိုက်လေ့ရှိကြတယ်၊ အပျော်လမ်းကို လိုက် ကြတယ်၊ ရေစုန်လမ်းကို လိုက်ကြတယ်၊ ရေဆန်လမ်း ကို မလိုက်ဘူး၊ ပျော်ရာကို ရှာကြတယ်၊ တော်ရာကို မစဉ်းစားဘူး၊ တော်ရာစဉ်းစားပြီး လုပ်တဲ့သူဆိုတာ လက်တစ်ဆုပ်စာလေး ရှိတာနော်၊ ကမ္ဘာမှာ လူဦးရေ မြောက်မြားစွာရှိတဲ့ထဲမှာ စဉ်းစားကြည့် အနည်း ငယ်လေးပဲ ရှိတယ်၊ လောကမှာ လူဆိုတာ ကောင်း တာလည်း လုပ်မိတာ ရှိတယ်၊ မကောင်းတာလည်း လုပ်မိတာ ရှိတယ်၊ သံသရာမှာ တစ်ခါတစ်ခါ စိတ် ကောင်းဝင်လို့ ကောင်းတာတွေကို လုပ်လိုက်ကြ တယ်၊ စိတ်ဆိုးစိတ်မိုက်ဝင်လိုက်တဲ့အခါ မကောင်း တာတွေ လုပ်မိတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားဟောထား တာ ရှိတယ်၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"တဲ့ အဝိဇ္ဇာ

http://www.dhammadownload.com



ဆိုတာ မသိမှုတွေ၊ မသိတာ ဘာတုန်းဆိုတော့ အမှန်တရားကို မသိတာ၊ လုပ်သင့်တာကို မသိတာ၊ မလုပ်သင့်တာကို မသိတာ၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားမသိရင် လုပ်သင့်တာကို မလုပ်သင့်ဘူးလို့ ထင်မယ်၊ မလုပ်သင့်တာကျတော့ လုပ်သင့်တယ်လို့ ထင်မယ်၊ အဲဒီကျတော့ လုပ်တယ်၊ ဒါ သဘာဝပဲ၊ လုပ်သင့် မလုပ်သင့် မသိဘူး၊ ကိုယ်ထင်တဲ့အတိုင်း လုပ်လိုက်တယ်၊ အဲဒါလိုပဲ အဝိဇ္ဇာရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကုသိုလ်လည်း တစ်ခါတစ်ခါ လုပ်လိုက်တာပဲ၊ လုပ်သင့်တယ်ထင်လို့ လုပ်တာလည်း ရှိတယ်၊ အကုသိုလ်ကိုလည်း လုပ်လိုက်တယ်၊ လုပ်သင့်တယ် ထင်ပြီးတော့ လုပ်တာပဲ၊ ကုသိုလ်ကျတော့ လုပ်သင့်တယ် မထင်လို့ မလုပ်ဘဲနေတာလည်း ရှိတယ်။

ဥပမာ - ဘာနဲ့တူတုန်းဆိုလို့ရှိရင် မျက်စိနှစ်ကွင်း အလင်းမရတဲ့လူတစ်ယောက်ဟာ ခရီးသွားတဲ့အခါ ရံဖန်ရံခါ ချောလို့၊ သူသွားတဲ့လမ်းလေးက

http://www.dhammadownload.com



ဖြောင့်တဲ့အခါ ဖြောင့်သွားတယ်၊ မဖြောင့်တဲ့အခါ လည်း မဖြောင့်ဘူးတဲ့၊ ဝိသုဒ္ဓိမဂ်မှာ ဒီဥပမာလေး ပေးထားတယ်၊ လမ်းညွှန်ပြမယ့်ပုဂ္ဂိုလ်မပါတဲ့ မျက်စိ နှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်ဟာ ရံဖန်ရံခါ လမ်း ဖြောင့်တယ်၊ ရံဖန်ရံခါ လမ်းမဖြောင့်ဘူးတဲ့၊ လမ်းမှား ပြီး ရောက်လာတတ်တယ်တဲ့၊ အဲဒါလိုပဲ အဝိဇ္ဇာရှိနေ တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ရံဖန်ရံခါ ကောင်းတဲ့ ဘက်ကို ရောက်သွားပြီး ရံဖန်ရံခါ ဆိုးတဲ့ဘက်ကို ရောက်သွားတယ်တဲ့၊ ကောင်းတဲ့ဘက်ကို ရောက် လာတဲ့အခါကျတော့ ကောင်းကျိုးချမ်းသာလေးတွေ ရလိုက်တယ်၊ အဆိုးဘက်ကို ရောက်သွားတဲ့အခါကျ တော့ ဒုက္ခတွေ တွေ့ရပြန်တယ်ပေါ့၊ သံသရာကြီး ထဲမှာ ဒီလိုပဲ စခန်းသွားနေကြတာ၊ အကောင်း ဖြစ် လိုက်၊ အဆိုး ဖြစ်လိုက်။

ဗာရာဏသီမြို့မှာ သူငယ်ချင်း သူဌေးသား ၄- ယောက ရှိတယ်၊ တော်တော် ခင်ခင်မင်မင် အရာရာ မှာ လက်တွဲပြီးတော့ နေကြတယ်၊ အဲဒီလို နေထိုင်

http://www.dhammadownload.com



ရင်းက သူတို့သူငယ်ချင်းတွေ စကား စပ်မိစပ်ရာ ပြောကြတာပေါ့။ အမေအဖေတွေက မရှိတော့ဘူး ထင်ပါရဲ့၊ သူတို့ပစ္စည်းဥစ္စာတွေ သူတို့လက်ထဲ အကုန်ရောက်နေတယ်၊ ငွေကြေးချမ်းသာတယ်၊ ချမ်းသာတော့ တို့ဒီငွေကြေးတွေ တစ်သက်လုံး သုံးမကုန်ဘူး၊ ဘာလုပ်ကြမလဲ၊ ဘဝမှာ ပျော်ပျော်နေသေခဲ ဆိုတဲ့ ဆောင်ပုဒ်ကို သူတို့က ရွေးချယ်ပြီး ဘယ်လို လုပ်ရင် ကောင်းမလဲလို့ ဆိုတော့ တစ်ယောက်က အကြံပေးတယ်၊ "တို့ ကောင်းပေ့ဆိုတဲ့အရက်တွေ ကောင်းပေ့ဆိုတဲ့အစာနဲ့ စားပြီးတော့ တို့တစ်သက်လုံး သောက်လည်း တို့ငွေမကုန်ဘူး၊ အေးအေးဆေးဆေးပဲ၊ တို့အကောင်းဆုံးအရက်ကို သောက်ကြမယ်၊ ခုခေတ်ဆိုရင် နိုင်ငံခြားဖြစ်အရက်ပေါ့၊ သိန်းချီတန်တဲ့ဟာမျိုးတွေပေါ့နော်၊ အဲဒါကို သောက်ပြီး တို့ ပျော်ပျော်ပါးပါး နေကြမယ်" လို့ တစ်ယောက်က အဆိုပြုတယ်၊ အဆိုပြုတော့ အရက်မကြိုက်တဲ့လူက ဒါ သဘောမတူဘူး။

http://www.dhammadownload.com



အရက်သောက်ပြီး ဘာလုပ်မှာတုန်းကွာ၊ တို့ဘာလုပ်မလဲ၊ ပွဲလမ်းသဘင်တွေ အဆို အတီး အကအမှုတ်တွေ အဲဒါတွေနဲ့ ပျော်ရအောင်၊ အမြဲတမ်းပွဲလမ်းသဘင်နဲ့ တို့ နေမယ်၊ သီချင်းဆိုကြမယ်၊ သီချင်းဆိုတာ နားထောင်ကြမယ်၊ တီးကြမယ်၊ မှုတ်ကြမယ်ပေါ့။ အဲဒါကိုလည်း နောက်တစ်ယောက်က သဘောမကျသေးဘူး၊ သဘောမကျတော့ ဘာလုပ်မလဲဆို ဟိုခေတ်ကတော့ Hotel မရှိဘူးပေါ့နော်၊ Hotel တက်ပြီး ကောင်းကောင်းစားကြမယ်ပေါ့၊ စားသောက်ဆိုင်အကောင်းစားတွေမှာ သွားပြီး ကောင်းကောင်းစားကြမယ်၊ အဲဒီလိုပြောတော့ လက်မခံဘူး။

နောက်ဆုံးတစ်ယောက်က ဘာပြောတုန်းဆိုရင် တို့ရှိတဲ့ပစ္စည်းတွေက သုံးလို့ မကုန်ပါဘူးကွာ၊ သူတို့ပြောပုံပြောနည်းက နောက်ဆုံးလူက ဘာပြောတုန်းဆိုရင် လောကမှာ ပိုက်ဆံပေးလို့ မကြွေတဲ့လူမရှိဘူးပေါ့၊ အမျိုးသမီးချောချောလှလှတွေနဲ့ပဲ ပိုက်ဆံပေးပြီးတော့ ပျော်ပါးမယ်ဆိုပြီး အဆိုတင်

http://www.dhammadownload.com



သွင်းလိုက်တယ်၊ နောက်ဆုံးမှာ အဲဒါကို အားလုံးက သဘောကျသွားတယ်၊ သူတို့ရှိသမျှ စည်းစိမ်တွေ သုံးဖြုန်းပြီးတော့ အဲဒီလို လူ့ဘဝမှာ မဟုတ်တဲ့အလုပ်တွေ လုပ်ပြီးတော့ ဒီသူဌေးသား ၄-ယောက်သေသွားတဲ့အခါ ဘယ်ရောက်တုန်းဆိုရင် အဝီစိငရဲကျသွားရှာတယ်။

သူတို့ပျော်ပါးတဲ့ အမျိုးသမီးတွေကလည်း မလွတ်မလပ်၊ တချို့က အိမ်ထောင်ရှိတဲ့ အမျိုးသမီးတွေ၊ အဲဒီလို ပိုက်ဆံပေးစည်းရုံးပြီးတော့ ပရဒါရသူတစ်ပါးသားမယားကို ဖျက်ဆီးတဲ့ပုဂ္ဂိုလ်တွေ သေတဲ့အခါကျတော့ သူတို့လုပ်တဲ့လုပ်ရပ်ကြောင့် အပါယ်ငရဲကျသွားကြတယ်၊ အဲဒီအပါယ်ငရဲက လွတ်လာတဲ့အခါကျတော့ လောဟကုမ္ဘီလို့ခေါ်တဲ့ ကြေးရေပူတွေ ပွက်ပွက်ဆူနေတဲ့ ကြေးအိုးကြီးထဲမှာ သူတို့ ၄-ယောက်ဟာနော် မကောင်းမှုတွေ အတူတူလုပ်လာခဲ့တော့ ငရဲမှာ အတူတူခံကြရတယ်၊ အနှစ် ခြောက်

http://www.dhammadownload.com



သောင်းတဲ့၊ အဲဒီ ငရဲအိုးကြီးထဲမှာ နှစ်ပေါင်း ခြောက်သောင်း မြုပ်ချည် ပေါ်ချည်နဲ့ ဒုက္ခခံရတယ်။

အဲဒီငရဲအိုးကလည်း ဘယ်နားမှာ ရှိတာတုန်းလို့ဆိုတော့ သာဝတ္ထိပြည်အနီးမှာ ရှိပုံရတယ်၊ ညကျလို့ရှိရင် အသံနက်ကြီးနဲ့ အော်တဲ့အသံကို တစ်ညမှာ ကောသလမင်းကြီး ကြားလိုက်တယ်၊ **ဒု သ န သော** ဆိုတဲ့ ကြောက်မက်ဖွယ်ရာ အော်ဟစ်တဲ့ အသံကြီး ၄-သံကို ကြားလိုက်ရတယ်တဲ့၊ အိမ်မက်မက်သလိုပေါ့လေ၊ ညအိပ်ရာက နိုးနေတဲ့အချိန်မှာ ညကြီးမှာ အသံဆိုးကြီးနဲ့ အော်တာကို ကြားလိုက်ရတယ်၊ သူ့နားထဲမှာ '**ဒု**'ဆိုတဲ့အသံကြီး ကြားလိုက်ပြီးတော့ ပျောက်သွားပြန်တယ်၊ '**သ**'ဆိုတဲ့ အသံကြီးကို ကြားပြီးတော့ ပျောက်သွားပြန်တယ်၊ '**န**'ဆိုတဲ့ အသံကြီး ကြားပြီးတော့ ပျောက်သွားတယ်၊ နောက်ဆုံးမှာ '**သော**'ဆိုတဲ့အသံကြီးတစ်ခု ကြားလိုက်ရတယ်၊ ဒါကို အဓိပ္ပါယ်ဖော်လို့ မရဘူး၊ အဲဒါ ဘယ်သူတွေအော်ကြတာတုန်းဆိုတော့ ခုနက ပရဒါရကံကို ကျူးလွန်

http://www.dhammadownload.com



ခဲ့တဲ့ သူဌေးသား ၄-ယောက်ပဲ၊ လူ့လောကမှာ ပျော်ပျော်နေမယ်ဆိုပြီးတော့ စည်းစိမ်ချမ်းသာတွေကို ပျော်ပါးမှုကိစ္စတွေမှာ သုံးဖြုန်းသွားတဲ့ အဲဒီသူဌေးသား ၄-ယောက်၊ လောဟကုမ္ဘိငရဲကို တစ်နေ့တစ်ချိန်တည်းပဲ ရောက်လာတဲ့အခါ သူတို့က အဲဒီ ပွက်ပွက်ဆူနေတဲ့ ငရဲအိုးကြီးထဲမှာ မြုပ်သွားရင်းကနေပြီး အောက်ကြမ်းပြင်ထိအောင် ဒယ်အိုးဖင်ထိအောင် မြုပ်သွားပြီးတော့ ပြန်ပေါ်လာတဲ့အချိန်မှာ တစ်ယောက်ကို တစ်ယောက် မြင်လိုက်တဲ့အချိန်လေးမှာ အော်လိုက်ကြတာနော်၊ သူတို့ပြောချင်တဲ့ စကားကို ဆုံးအောင် မပြောနိုင်ဘူး။

ပထမလူက ‘ဒု’လို့ စပြီးပြောတဲ့အခါ ရှိသေးတယ်၊ ငရဲအိုးထဲ ပြန်မြုပ်သွားလို့ ဆက်ပြောလို့ မရတော့ဘူး၊ သူပြောချင်တာက “တို့ဟာ လူ့ဘဝမှာ ကောင်းကောင်း မနေခဲ့ကြဘူးတဲ့၊ လူဆိုးလူမိုက်တွေ လုပ်ခဲ့ကြတယ်တဲ့၊ တို့မှာ ပစ္စည်းဥစ္စာတွေ ရှိတယ်၊ ပစ္စည်းဥစ္စာတွေ ရှိပါရဲ့သားနဲ့ တို့ သူတော်ကောင်း

http://www.dhammadownload.com



သူတော်မြတ်တွေကိုလည်းပဲ လှူမှုတန်းမှု မပြုခဲ့ကြဘူး”တဲ့၊ နောင်တရပြီးတော့ ပြောတဲ့စကားတစ်ခုပဲ။

တို့ဟာ တော်တော်ဆိုးတာပဲ၊ လူ့ဘဝရောက်တုန်းက တို့က လူဆိုးတွေပဲ၊ တော်တော်ဆိုးသွမ်းခဲ့ကြတယ်၊ ပစ္စည်းဥစ္စာ ချမ်းသာရဲ့သားနဲ့ တို့တတွေကိုယ့်ဘဝရဲ့ရပ်တည်မှုအတွက် ကုသိုလ်ကောင်းမှုတွေ မလုပ်ခဲ့ကြဘူးဆိုတဲ့အဓိပ္ပါယ်နဲ့ ဒီလိုပြောတာလို့ မြတ်စွာဘုရားက ပြန်ပြီးတော့ ဒီအဓိပ္ပါယ်ကိုဖော်ပေးတာ၊ တို့တတွေဟာ မကောင်းတဲ့နည်းနဲ့အသက်မွေးကြတယ်၊ ပစ္စည်းဥစ္စာတွေရှိရဲ့သားနဲ့သူတော်ကောင်းတွေကို မပေးခဲ့ဘူး၊ ကုသိုလ်ကောင်းမှုတွေဘာတွေ မလုပ်ခဲ့သည့်အတွက်ကြောင့် ကိုယ့်အတွက် ရပ်တည်ရာဆိုတာ ဘာမှ မရှိခဲ့ဘူးလို့ ဒီအဓိပ္ပါယ်နဲ့ ပြောချင်တာ၊ စကားကို ပြည့်စုံအောင်မပြောနိုင်ဘဲနဲ့ မြုပ်ထွက်သွားတယ်၊ လူဆိုးလူမိုက်တွေရဲ့သွားရာလမ်းဟာ ဒီလိုပဲပေါ့နော်၊ ကိုယ်ပြောချင်တာလည်း ပြောလို့ မရတော့ဘူးပေါ့။

http://www.dhammadownload.com



ဟော နောက်တစ်ယောက်က 'သ'ဆိုတဲ့စကား လုံးကို ပြောချင်တယ်၊ သူက ဘာပြောချင်တာတုန်း ဆိုတော့ အပြည့်အစုံကို မြတ်စွာဘုရားက အဓိပ္ပါယ် ဖော်ပေးတယ်၊ 'သ'ဆိုတဲ့အသံကြီးက ဘာတုန်းဆို လို့ရှိရင် "တို့တတွေဟာ"တဲ့ "ခု ဒီငရဲမှာ အနှစ် ခြောက်သောင်းတောင် ရှိနေပြီ"တဲ့၊ ဒီနေရာမှာ စဉ်းစားကြည့်တော့ သူ ဘယ်လိုများ ရေတွက်ထား လို့ အနှစ်ခြောက်သောင်းတောင် ရှိနေပြီလို့ မှတ်မိ နေတာလဲလို့၊ ငရဲကျနေတဲ့လူတွေတော့ ဘယ်လို တွက်တယ်တော့ မသိဘူး၊ တချို့ထောင်ထဲမှာ တိုက် ပိတ်ခံရတဲ့ပုဂ္ဂိုလ်တွေကျတော့ သူတို့ အမှတ်အသား ကလေးတစ်ခု လုပ်ထားတာ၊ ဘယ်နှစ်ရက်ဆိုတာ ကို မှတ်သားပြီး လုပ်တတ်တဲ့ပုဂ္ဂိုလ်ကျတော့ အဲဒီ ရက်တွေ ဘာတွေကို သိတယ်၊ အဲဒီတော့ ဒီငရဲသား ကလည်း သူ မှတ်မှတ်သားသားထားလို့ အနှစ် ခြောက်သောင်းဆိုတာ တွက်လို့ ရတာ ဖြစ်လိမ့်မယ်။

http://www.dhammadownload.com



သူက ပြောတယ်၊ "အနှစ်ခြောက်သောင်း တောင် ပြည့်လာပြီ၊ တို့ဒီမှာ ငရဲကျနေတာ အနှစ် ခြောက်သောင်းတောင် ရှိလာပြီ၊ ဘယ်တော့များ လွတ်ရက်ပေါ်ပါ့မလဲ၊ ဘယ်တော့များ လွတ်ကြမလဲ" လို့ 'သ'ဆိုပြီး ညည်းတွားတဲ့ အသံတစ်ခု ပြုပြီး မြုပ် သွားတယ်။

နောက်တစ်ယောက်ကလည်း 'န'ဆိုတဲ့ အသံ ကြီး ထွက်ပြီးတော့ မြုပ်သွားတယ်၊ အဲဒီလူရဲ့စကား လုံးအဓိပ္ပါယ်ကို မြတ်စွာဘုရားက ဖော်တဲ့အခါကျ တော့ "**နတ္ထိ အန္တော**" - ဘယ်မှာ အဆုံးရှိမလဲ၊ ဘယ်လိုလုပ် ဆုံးနိုင်တော့မလဲ၊ ငရဲခံနေရတာ လွတ် ရက် မရှိဘူး၊ တို့တတွေမှာ နော်၊ ဆုံးခန်းတိုင်ဖို့ ဆိုတာ ဘယ်တော့မှ မတွေ့ဘူးတဲ့၊ "သူငယ်ချင်းတို့ ရေ မင်းလည်း မကောင်းတာတွေ လုပ်ခဲ့တယ်၊ ငါ လည်း မကောင်းတာတွေ လုပ်ခဲ့တယ်၊ မင်းနဲ့ ငါတို့ မကောင်းတာတွေ လုပ်ခဲ့တာတွေရဲ့ ဆိုးကျိုးတွေကို တို့တတွေဟာ အခုချိန်ထိ လွတ်ရက်မရှိ ခံနေရ

http://www.dhammadownload.com



တယ်၊ ဘယ်တော့များ အဆုံးသတ်မလဲ မသိဘူး”လို့ ပြောချင်တာတဲ့။

**‘သော’**ဆိုတဲ့ အခိပ္ပါယ်ကျတော့ ဘာတုန်း ဆိုရင် နောက်ဆုံးလူက “**သောဟံ** -ဒီငရဲက လွတ်လို့ လူ့ဘဝ ပြန်ရောက်သွားပြီဆိုလို့ရှိရင်တဲ့၊ **ဝဒညူ** - လိမ္မာမယ်၊ ကိုယ်ကျင့်တရားတွေ ကောင်းအောင် နေမယ်၊ အလှူခံပုဂ္ဂိုလ်တွေကို ရက်ရက်ရောရော လှူမယ်၊ အလှူခံပုဂ္ဂိုလ်တွေရဲ့စကားကို နားလည် မယ်၊ ကုသိုလ်တွေ အများကြီး လုပ်မယ်တဲ့၊ ဟောဒီ ငရဲက လွတ်သွားတာနဲ့ တစ်ပြိုင်နက် လူ့ဘုံရလာတဲ့ အခါမှာ တို့ဟာ ကိုယ်ကျင့်တရားတွေ ကောင်း အောင် လုပ်ပြီးတော့ ဒါနကောင်းမှုတွေ လုပ်မယ်လို့ နောင်တစကားကို ဆိုတာ၊ လောကမှာ နောင်တရ သွားပြီဆိုရင် ငါ အရင်ပုံစံ ပြန်ရောက်လို့ ရှိရင်တော့ ငါ ကောင်းတာတွေ လုပ်တော့မယ်လို့ ဆိုတဲ့ နောင်တ စကားပေါ့။

http://www.dhammadownload.com



အဲဒီ **ဒု သ န သော** ဆိုတဲ့ စကားကြီး ၄-လုံးကို ရွတ်ဆိုပြီးတော့ မြုပ်သွားတဲ့ပုဂ္ဂိုလ်တွေဟာ တစ်ချိန်တုန်းက ဘဝခရီးကို လျှောက်လှမ်းရင်း မဟုတ်တာတွေ လုပ်ပြီးတော့ အချိန်ဖြုန်းခဲ့တဲ့ပုဂ္ဂိုလ်တွေဟာတဲ့ လူဆိုးလူမိုက်တွေ ဖြစ်ခဲ့တယ်၊ ဒါကြောင့်မို့ လူဆိုးလူမိုက်တွေရဲ့ သွားရာလမ်းကတော့ အဲဒီအတိုင်းပဲ ဖြစ်ပါတယ်လို့ ဒီလိုဆိုလိုတာ။

မြတ်စွာဘုရားလက်ထက်မှာ ဆိုးသွမ်းတဲ့ပုဂ္ဂိုလ်တွေကို ကြည့်လိုက်ဦး၊ လူတင် မကဘူး, ဆိုးသွမ်းတယ်ဆိုတာ နတ်တွေ ဘီလူးတွေထဲမှာလည်း ရှိတယ်ပေါ့။ ဆိုးသွမ်းမှုဆိုတာ စရိုက်တစ်ခုဆိုတာ လိုက်သွားတတ်တယ်၊ ဘုန်းကြီးတို့ အဲဒါ သတိထားမိတယ်၊ စစ်ကိုင်းက ဘုန်းကြီးတို့ကျောင်းမှာ ခွေးလေခွေးလွင့်တွေ အကောင်သုံးလေးဆယ်လောက် ရှိတယ်၊ ခွေးလေခွေးလွင့်ဆိုတာ ကျောင်းက မွေးထားတဲ့ခွေးတစ်ကောင်မှ မရှိဘူး၊ ဟိုက လာလွှတ် ဒီက လာလွှတ် စားရသောက်ရတော့ ကျောင်းထဲမှာ ဝင်

http://www.dhammadownload.com



နေ၊ အဲဒီလာနေတဲ့ ခွေးတွေထဲမှာ ဘယ်သူကမှ training ပေးတာ မဟုတ်ဘူး၊ ခွေးသင်တန်းကျောင်းလည်း မရှိပါဘူး၊ တချို့ခွေးတွေကျတော့ အလွန်လိမ္မာတယ်၊ ပြောင်တဲ့နေရာတွေ မစင်မစွန့်ဘူး၊ နေတာထိုင်တာ အဆင်ပြေတယ်၊ တချို့ခွေးကတော့ ပြောင်ပြီဆိုတဲ့နေရာကို ရွေးတယ်၊ ခြေသုတ်ခုံတို့ ဘာတို့ကို ရွေးတယ်နော်၊ တကယ့်ဘုရားသံမံတလင်းတို့ ဘာတို့ ဒီလိုနေရာမျိုးမှာ ရွေးပြီးတော့ မစင်စွန့်တဲ့ခွေးလည်း ရှိတယ်၊ နောက် ဘုန်းကြီးကျောင်းထဲနေပြီး စားသောက်နေတဲ့ ခွေးတစ်ကောင်ဟာ ဘုန်းကြီးမြင်လည်း ဟောင်တယ်၊ လာလာသမျှအကုန်ဟောင်တယ်၊ အဲဒီလို ခွေးမျိုးလည်း ရှိတယ်၊ တချို့ခွေးက အဲဒီလို မဟုတ်ဘူး၊ လာလာသမျှကို ကြိုဆိုတယ်၊ အမြီးကလေးနှံ့ပြီး ဘယ်သူလာလာ ရန်မလုပ်ဘူး၊ အမျိုးစုံ တွေ့ရတယ်၊ အဲဒါတွေ ကြည့်လိုက်လို့ရှိရင် သံသရာက ရန်လုပ်တတ်တဲ့အကျင့်ပါလာတဲ့ ခွေးဆိုးတွေကျတော့ ဘယ်သူလာလာ

http://www.dhammadownload.com



မျက်စောင်းထိုးကြည့်တယ်၊ ဟောင်တယ်၊ ဟိန်းတယ် နော်၊ ဒေါသစရိုက် ရှိတယ်၊ ဟော တချို့ခွေးကျ တော့ ကျောင်းကရှိတဲ့ ကိုယ်တော်တွေ ဖိနပ်တွေ အကုန်ကိုက်ပစ်တယ်နော်၊ ဒီလိုဟာမျိုးလည်း ရှိ တယ်၊ တချို့ခွေးက ဖိနပ်မကိုက်ဘူး၊ သူတို့မှာလည်း သူတို့ အကျင့်စရိုက်တွေဟာ ဘဝသံသရာက ပါလာ တယ်လို့ ပြောရမှာပဲ၊ ခွေးတိုင်း ဖိနပ်ကိုက်တာ မဟုတ်ဘူး၊ ခွေးတိုင်း ပြောင်တဲ့နေရာမှာ မစင်စွန့် တာ မဟုတ်ဘူး။

ခွေးမလေးတစ်ကောင်အကြောင်း မှတ်မှတ် ရရ ပြောရဦးမယ်၊ မြို့ထဲက နေပြီးတော့ ကိုရင်တွေ ဆွမ်းခံအပြန်မှာ လိုက်လာတယ်၊ ဝဝတုတ်တုတ်လေး ဆိုတော့ သူ့ကို 'မိချော' လို့ နာမည်ပေးထားတာ၊ အဲဒီ မိချောတို့များ လူမြင်လို့ရှိရင် အမြီးလေးရမ်းပြီး တော့ ကြိုဆိုလိုက်ရတာ၊ နှုတ်ဆက်လိုက်ရ တာ မနည်းဘူး၊ သူ့ခမျာ ဘယ်သူ့မြင်မြင် သဘော သိပ် ကောင်းတာ၊ တစ်ရက်တော့ သူ့ကို လှောင်ထား

http://www.dhammadownload.com



တယ်၊ လှောင်ထားတဲ့ထဲကနေပြီးတော့ သူ မထွက်နိုင်တဲ့အခါ အော်နေတယ်၊ ဖွင့်လည်း ထုတ်လိုက်ရော သူဘယ်ပြေးတုန်းဆိုရင် တောထဲကို ပြေးတယ်၊ မစင်စွန့်တာနော်၊ အကျင့်ကောင်းပုံ ပြောပြတာပါ။ အဲ့ဒီခွေးလေးကျတော့ အသက်မရှည်ဘူး၊ သူ့ကုသိုလ်ကံကြောင့်လား မသိဘူး၊ ခွေးဘဝမှာ ကြာကြာ မနေရဘူးနော်၊ အဲ့ဒီလိုခွေးမျိုးလည်း တွေ့ဖူးတယ်၊ အမျိုးကို စုံနေတာပဲ။

ဒါတွေဟာ သေချာစဉ်းစားကြည့်ရင် သံသရာက အလေ့အကျင့်တွေ habitual practice လို့ ခေါ်တာပေါ့။ ဝါသနာဆိုတာ ပါလာတတ်တယ်တဲ့၊ အဲဒီလိုပဲ လူတွေထဲမှာလည်း တချို့က ရန်လုပ်တတ်တဲ့လူ ရှိတယ်၊ တချို့က သဘောကောင်းတဲ့လူ ရှိတယ်နော်၊ ဘာမှမဟုတ်ဘဲနဲ့ ရန်လုပ်တဲ့ပုဂ္ဂိုလ်တွေကလည်း ရှိသေးတာပဲ၊ ကြည့်နော် လူရဲ့အကျင့်တွေမှာ။

http://www.dhammadownload.com



ရှေးတုန်းက ညီအစ်ကိုနှစ်ယောက် ရှိတယ်၊ သူတို့ နွားတစ်ကောင်သတ်ပြီးတော့ အမဲဖော်တယ်၊ အမဲဖော်ပြီးတော့ ညီတူညီမျှ ခွဲဝေလိုက်တယ်၊ ခွဲဝေပြီးတဲ့အခါ ညီလုပ်တဲ့ပုဂ္ဂိုလ်က ပြောတယ်၊ "အစ်ကိုတဲ့၊ ကျွန်တော်က မိသားစုများပါတယ်"တဲ့၊ အိမ်ထောင်တွေနဲ့ဆိုတော့ သားသမီး ပိုများတယ်ပေါ့လေ၊ ညီလုပ်တဲ့သူက သားသမီးများတယ်၊ အစ်ကိုလုပ်တဲ့သူက သားသမီး မရှိဘူး၊ "အစ်ကို ကျွန်တော်က လူများတယ်၊ ဒီအမဲသားအူတွေ ကျွန်တော့်ကို ပေးပါ"ပေါ့၊ အပိုတွေ သူ့ကို ပေးပါလို့ ပြောတာ၊ ပြောတဲ့အခါကျတော့ ဒါလေး ပြောတာနဲ့ အစ်ကိုလုပ်တဲ့ပုဂ္ဂိုလ်က "မင်းက ညီတူညီမျှခွဲထားရဲ့သားနဲ့ ဘာပိုလိုချင်တာတုန်း" ဆိုပြီးတော့ အမဲခုတ်တဲ့ဓားနဲ့ အဲဒီညီကို ခုတ်သတ်ပစ်တယ်၊ စရိုက်ဆိုတာ ဘယ်လောက် ကြောက်စရာကောင်းတုန်းနော်။

ညီလည်း သေသွားရော သူ အဲဒီကျတော့မှ နောင်တရပြီးတော့ တစ်သက်လုံး သူလုပ်ခဲ့တာ မှား

http://www.dhammadownload.com



ပြီဆိုပြီးတော့ အဲဒီလူဟာ တရှောင်ရှောင်နဲ့ ရောဂါရဲ စိတ်တွေ ဆင်းရဲပြီးတော့ စားသမျှအစာတွေဟာလည်း အဆီဩဇာ မဖြစ်ဘူး၊ ဒီသောကကြီးနဲ့ မကြာခင်ပဲ သူလည်း အသက်ဆုံးသွားတယ်တဲ့၊ ဘာဖြစ်တာတုန်းဆိုရင် ပိုတောင်းရမလားဆိုတဲ့ စိတ်ဆိုးပြီးတော့ ထလုပ်လိုက်တာ။

ဒီကနေ့ခေတ်မှာလည်းပဲ သတင်းစာတွေ ဘာတွေထဲမှာ ဖတ်ကြည့်မယ်ဆိုရင် တစ်ခါတစ်ရံ ဒါမျိုးတွေ ရှိတတ်တယ်လေ၊ မဖြစ်လောက်တဲ့ကိစ္စလေးနဲ့ ဒေါသထွက်ပြီးတော့ လူသတ်မှုကျူးလွန်သည်ထိအောင် ဖြစ်သွားတတ်တယ်၊ ဒါတွေဟာ စရိုက်ဆိုးတွေပဲပေါ့နော်၊ ဘဝါဘဝက ဒီစရိုက်ဆိုးတွေကို မပြင်ဘူးဆိုရင် ဒုက္ခရောက်မှာပဲတဲ့၊ လူဆိုးလူမိုက်ဆိုတာ ဒီလိုဖြစ်တတ်တယ်၊ လုပ်ပြီးတာနဲ့ တစ်ပြိုင်နက် သူတို့ဒုက္ခရောက်တတ်တယ်။

နောက်တစ်ခု လူတွေဟာ ဒီရက်စက်မှုဆိုတာမျိုးတွေကို အခြေပြုထားတာ ရှိတတ်တယ်ပေါ့၊ ရက်

http://www.dhammadownload.com



စက်မှုအခြေပြုထားတဲ့ ပုဂ္ဂိုလ်တစ်ယောက် နွားသတ်သမားတစ်ယောက် နှစ်ပေါင်း ၅၀-ကျော် နွားသတ်ပြီးတော့ ရောင်းချပြီး အသက်မွေးတယ်၊ တစ်နေ့တော့ သူနွားသတ်ပြီး ရောင်းချတယ်ပေါ့နော်၊ ရောင်းချပြီးတဲ့အခါကျတော့ သူကြိုက်တဲ့အမဲသားကလေး အိမ်ကအမျိုးသမီးကို ပေးထားခဲ့ပြီးတော့ ရေသွားချိုးတယ်ပေါ့၊ အသားတွေ ဘာတွေ အကုန်ရောင်းပြီးတော့ သူစားဖို့ ချန်ထားတာလေးကို ဒါလေးကို ချက်ထားလိုက်ပါဆို ပြောပြီး မြစ်သွားပြီး ရေချိုးတယ်။

သူ ရေချိုးသွားနေတဲ့အချိန်မှာ အင်မတန်ရင်းနှီးတဲ့သူငယ်ချင်းတစ်ယောက်က ရောက်လာတယ်၊ "ဟေ့ အမဲသား မရှိတော့ဘူးလား"၊ မရှိတော့ဘူး၊ ဒါ သူစားမလို့ ထားခဲ့တဲ့အသားလေးပဲ ရှိတယ်၊ အကုန်လုံးရောင်းပြီးကုန်ပြီဆိုတော့ ဟိုလူက "ငါ့အိမ်ဧည့်သည်လာလို့ပါကွာ၊ ဒါလေးတော့ မဖြစ်မနေ ငါ့ပေးပါ"ဆိုပြီး အမဲသားကို အတင်းဇွတ်ယူသွားတယ်၊ ဟိုလူက ရေချိုးပြီးတော့ ပြန်လာတဲ့အခါ အမျိုးသမီး

http://www.dhammadownload.com



က ရှိတဲ့ထမင်းဟင်းနဲ့ ထမင်းပွဲပြင်ကျွေးတော့ "ဘယ်မလဲ အမဲသား"ဆိုတော့ "အော် ရှင့်သူငယ်ချင်းလာတယ်၊ လာပြီးတော့ သူ့အိမ် ဧည့်သည်ရောက်နေလို့ဆိုပြီးတော့ ရှင့်အတွက် ချန်ထားတာကို မပေးဘဲနဲ့ ဖွတ်အတင်းယူသွားတယ်" လို့ ပြောတဲ့အခါ သူက ဘာလုပ်လဲဆိုတော့ "အမဲသားမပါရင် ငါ ထမင်းမစားနိုင်ဘူး"ဆိုပြီး ဓားကိုင်ပြီးတော့ ဆင်းသွားတယ်၊ အိမ်နောက်ဖေးမှာရှိတဲ့ နွားကို ပါးစပ်ဖြဲပြီးတော့ လျှာကို လှီး၊ လှီးပြီးတော့ အဲဒီလျှာကို ချက်ခိုင်းတယ်တဲ့။

ကဲ စဉ်းစားကြည့်နော်၊ ဘယ်လောက်ရက်စက်တယ်ဆိုတာ၊ နွားကလည်းပဲ လျှာကြီးပြတ်တဲ့အခါ အော်ဟစ်နေတာပေါ့၊ ဘယ်သေဦးမှာတုန်း၊ အဲဒီနွားရဲ့လျှာကို ချက်ခိုင်းတယ်၊ ချက်ပြီးတော့ စားတယ်၊ အဲဒီနွားရဲ့လျှာကို သူ့ပါးစပ်ထဲလည်း ထည့်လိုက်လို့ လျှာနဲ့လည်း ထိလိုက်ရော သူ့လျှာကြီးကလည်း ပြတ်ကျသွားတယ်၊ နှစ်ပေါင်း-၅၀ သူက နွားသတ်

http://www.dhammadownload.com



လာတဲ့လူ၊ ဒီကနေ့တော့ သူဒုက္ခရောက်မယ့်နေ့ဖြစ်လာတယ်။

အဲဒီနွားရဲ့လျှာကို သူ့လျှာပေါ်တင်လိုက်တာနဲ့ တစ်ပြိုင်နက် သူ့လျှာပြတ်ကျသွားပြီးတော့ နွားအော်သလိုအော် ပြီးတော့ သူလည်း သေရတယ်၊ အဲဒီလို နွားအော်သလို အော်နေတဲ့အချိန်မှာ အဲဒီအမျိုးသမီးက သူ့သားကို ခေါ်ပြောတယ်၊ "ငါ့သား ကြည့် ကြည့်၊ မင်းအဖေကို ကြည့်၊ သူက ရက်စက်လိုက်တာ၊ မင်း ဒီအိမ်မှာ မနေနဲ့တော့၊ တို့ကိုလည်း ဘာမှ ကြည့်မနေနဲ့၊ မင်းလွတ်ရာကျွတ်ရာ ပြေးတော့၊ ဒီ ဒုက္ခ မင်းအပေါ်ရောက်တော့မှာ" လို့ ဆိုပြီးတော့ အမေလုပ်တဲ့သူက လွှတ်လိုက်တယ်။

အဲဒီသားက တက္ကသိုလ်ပြည်သွားပြီးတော့ ပန်းတိမ်ပညာ သင်ပြီး ပန်းတိမ်လုပ်ငန်းနဲ့ အသက်မွေးသွားတယ်၊ နွားသတ်သမားအလုပ် မဖော်တော့ဘူး၊ ခုနက နွားသတ်သမားကတော့ သူလုပ်တဲ့ အလုပ်တွေရဲ့အကျိုးဆက်ကို ခံရတဲ့အခါမှာ နွားလို

http://www.dhammadownload.com



အော်ပြီးတော့ သေရတယ်၊ အင်မတန်မှ ရက်စက်တဲ့ လုပ်ရပ်တွေရဲ့အကျိုးဆိုတာ ဒါမျိုးကို ပြောတာ၊ လူဆိုးလူမိုက်ဆိုတာ ဆိုးလည်း ဆိုးတယ်၊ မိုက်လည်း မိုက်တယ်။

ဟော နောက်တစ်ခု ကြည့်ဦးမလား၊ လူဆိုးလူမိုက်ဆိုတာ လူတင်မကဘူး၊ နတ်တွေဘီလူးတွေလည်း အမိုက်အကန်းတွေ ရှိတာပဲ၊ အကျင့်က ပါလာတာလေ၊ ခုနပြောသလို ခွေးကလည်း မိုက်တာပဲ၊ ခွေးဖြစ်ရင်လည်း ခွေးမိုက်ပဲ၊ နွားဖြစ်ရင်လည်း နွားမိုက်ပဲ၊ တွေ့ဖူးကြပါလိမ့်မယ်၊ နွားလည်း သဘောကောင်းတဲ့နွားရှိတယ်၊ ဆိုးတဲ့နွား ရှိတယ်၊ ခွေးကလည်း ဆိုးတဲ့ခွေး ရှိတယ်၊ သဘောကောင်းတဲ့ခွေး ရှိတယ်၊ အဲဒါလို တိရစ္ဆာန်တွေထဲမှာလည်း ဒီလို ရှိသလို နတ်တွေဘာတွေ ဖြစ်သွားတဲ့အခါမှာလည်း ပဲ ထို့အတူပဲ နတ်ဆိုးနတ်မိုက် ဖြစ်တာပဲ၊ လူဆိုးလူမိုက်က နတ်ဆိုးနတ်မိုက် ဖြစ်တယ်။

http://www.dhammadownload.com



တစ်ခါတုန်းက ရှင်သာရိပုတ္တရာမထေရ်မြတ်က တပေါဒါဆိုတဲ့ တောင်ကြားတစ်ခု၊ ခုခေတ်ဆိုရင်တော့ Valley ပေါ့နော်၊ မြန်မာပြည်မှာ ရန်ကုန်မှာခေါ်တဲ့ ရွှေတောင်ကြားတို့ ဘာတို့နော်၊ Valley ဆိုတဲ့ တောင်ကမ်းပါးယံ တောင်ကြားတွေပေါ့၊ တောင်နှစ်လုံးက လျှိုထဲမှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ နှစ်ပါးက တောရကျောင်းလေးမှာ သီတင်းသုံးနေတယ်။

အဲဒီမှာ ရှင်သာရိပုတ္တရာဟာ ဦးခေါင်းကို ပြောင်အောင် ရိတ်ပြီး လပြည့်နေ့ရဲ့ ညတစ်ညမှာ ကျောင်းခန်းအပြင်ဘက်ကို ဝရံတာမှာ ထွက်ပြီး ထိုင်နေတယ်၊ လပြည့်နေ့ကြီးဆိုတော့ လကလည်း သာနေတော့ ခေါင်းပေါ်မှာ လရောင်ကျနေတဲ့အခါ ခေါင်းကလည်း ရိတ်ထားခါစဆိုတော့ ပြောင်နေတယ်၊ ရှင်မောဂ္ဂလာန်က ခပ်လှမ်းလှမ်း တစ်နေရာမှာ သီတင်းသုံးနေတယ်၊ သူ့ကျောင်းနဲ့ သူပေါ့၊ အဲဒီအချိန်မှာ မြောက်ကနေ တောင်ကိုသွားတဲ့ ဘီလူး

http://www.dhammadownload.com



နှစ်ကောင်ဟာ ကောင်းကင်ယံက အဲဒီတောင်ကြော ကြီးကို ဖြတ်သွားကြတယ်၊ ရှင်သာရိပုတ္တရာခေါင်းကို လသာထဲမှာ ပြောင်ပြောင်လေး မြင်တဲ့အခါကျတော့ ဆိုးမိုက်တဲ့အကောင်က ဘယ်လိုအတွေးပေါက်သလဲ ဆိုတာ စဉ်းစားကြည့်နော်၊ သူ့ဘာသူ ခေါင်းပြောင် တာကို သူက ဘယ်လိုစိတ်ကူးတုန်းဆိုရင် ဒီခေါင်း ပြောင်ပြောင် လက်သီးနဲ့ ထိုးရရင် ကောင်းမယ်ကွာ၊ သက်သက်မဲ့၊ ကြည့်လေ၊ မကောင်းတဲ့အကြံကို ကြံ တယ်၊ လူဆိုးလူမိုက်ဟာလေ ကြည့် ခေါင်းပြောင် ပြောင်မြင်တော့ လက်သီးနဲ့ ထိုးချင်စိတ် ပေါက်တယ်၊ ထိုးချင်စိတ်ပေါက်တော့ သူ့သူငယ်ချင်းကို ပြောတယ်၊ "ငါ ဒီရဟန်းခေါင်းသွားပြီးတော့ လက်သီးနဲ့ ထိုးမယ်" "ဟာ ဟော့ကောင် မလုပ်နဲ့၊ မင်း ဒီရဟန်းက တန်ခိုး ကြီးတယ်၊ သွားမလုပ်နဲ့"၊ မရဘူး မနေနိုင်ဘူး၊ "လုပ် မယ်"၊ "မလုပ်နဲ့ မင်း ဒုက္ခရောက်လိမ့်မယ်"၊ ဟို တစ်ကောင်က တားတယ်၊ မင်း အလုပ်မရှိ အလုပ် ရှာ ကိုယ့်လမ်း ကိုယ်မသွားဘူးနော်။

http://www.dhammadownload.com



ဟိုက ရဟန္တာမထေရ်မြတ်ကြီးက သမာပတ် ဝင်စားပြီးတော့ လရောင်ထဲမှာ ထိုင်နေတာ၊ အဲဒါကို သွားပြီး ခေါင်းကို လက်သီးနဲ့ ထိုးလိုက်တယ်၊ ဘီလူး ရဲ့ လက်သီး ဆိုတော့ ပြင်းတာပေါ့၊ အခုခေတ် ဟို Boxer တွေရဲ့ လက်သီးထက် ပြင်းမှာပေါ့၊ အရင် တုန်းက နာမည်ကြီးတဲ့ ကက်စီးယပ်ကလေးရဲ့ လက်သီးထက် ပြင်းမှာပေါ့၊ ဘယ်လောက်ထိအောင် ပြင်းသလဲလို့ဆိုတဲ့ သူ့ရဲ့လက်သီးဒဏ်ချက်ကို ၇- တောင် ၈-တောင်အမြင့်ရှိတဲ့ ဆင်ပြောင်တစ်ကောင် တောင် ဖင်ထိုင်သွားအောင် ထိုးနိုင်တယ်လို့ ပြော တာပဲ၊ တောင်ထွတ်တစ်ခုတောင်မှ ပြိုကျသွား အောင် သူ့လက်သီးဒဏ်ချက်က ပြင်းတယ်တဲ့၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ကို သူ အဲဒီလိုထိုးလိုက် တာ၊ အဲဒီလိုထိုးလိုက်တဲ့အချိန်မှာ ရှင်သာရိပုတ္တရာ က သမာပတ်က ထတဲ့အချိန်နဲ့ သွားဆုံတယ်ပေါ့၊ ဘီလူးတစ်ကောင် လက်သီးကြီးနဲ့ ခေါင်းကို ထိုး လိုက်တာကို ရှင်မောဂ္ဂလာန်က မြင်တယ်၊ ဟာ

http://www.dhammadownload.com



ထိုးပြီဆိုပြီးတော့ ရှင်မောဂ္ဂလာန်က ရှင်သာရိပုတ္တရာဘက်ကို ထွက်လာတယ်၊ ရှင်သာရိပုတ္တရာကလည်း သူ့ထိုးသွားမှန်း မသိလိုက်ဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ သမာပတ်ဝင်စားနေတာကိုး၊ သို့သော် သမာပတ်က အထမှာ ခေါင်းမှာ နည်းနည်းလေး နာကျင်ကျင်လေးတော့ ဖြစ်သွားတယ်။

အဲဒီတော့ ရှင်မောဂ္ဂလာန်က ရောက်လာပြီး "အရှင်ဘုရား ဘယ့်နှယ့်နေတုန်း ဘယ်နှယ့်နေတုန်းနဲ့ လာမေးတာ"၊ ဟိုက "ဘာဖြစ်လို့လဲ"ဆိုတော့ ရှင်မောဂ္ဂလာန်က ပြောတယ်၊ "အရှင်ဘုရားကို ဘီလူးကြီးတစ်ကောင်က လက်သီးနဲ့ ထိုးသွားတာ" ဆိုတော့ "ဟာ တပည့်တော် ဘီလူးမပြောနဲ့ ပြိတ္တာတစ်ကောင်တောင် မမြင်ရပါဘူး"တဲ့၊ ရှင်မောဂ္ဂလာန်က တစ်ခါထပ် ပြောတယ်၊ "အရှင်ဘုရား ဒီလောက်ပြင်းထန်တဲ့ လက်သီးဒဏ်ကိုတောင် အရှင်ဘုရားက ဘာမှ မဖြစ်ဘူး၊ အရှင်ဘုရား တယ်တန်ခိုးကြီးတာပဲ"တဲ့၊

http://www.dhammadownload.com



တစ်ပါးနဲ့ တစ်ပါး အာလာပသလ္လာပ ပြောတယ်ဆိုတဲ့ မှတ်တမ်းလေးတစ်ခု ရှိတယ်ပေါ့နော်။

အဲဒီမှာလည်း အဲဒီဘီလူးက ဘာမှမဟုတ်ဘဲနဲ့ လူဆိုးလူမိုက်တွေရဲ့အတွေးပဲ၊ လူမိုက်တို့ရဲ့အတွေးနဲ့ သူ့ဘာသူ နေတာ သွားပြီးတော့ လက်သီးနဲ့ ထိုး, မကောင်းမှုအကုသိုလ် ကျူးလွန်တယ်၊ ထိုးလည်းပြီးရော သူဘာဖြစ်တုန်းဆိုရင် တစ်ကိုယ်လုံး ပူလှချည့်ရဲ့ လောင်လှချည့်ရဲ့ ဖြစ်ပြီးတော့ သေပြီး အဝီစိငရဲကျသွားတယ်တဲ့၊ အဲဒီဘီလူးက ဒီလိုဖြစ်တာ။

လူမိုက်ဆိုတာ အောက်တန်းကျတဲ့လူမှ လူမိုက်မဟုတ်ဘူးနော်၊ ပိုက်ဆံချမ်းသာတဲ့ အထက်တန်းကျတဲ့လူတွေမှာလည်းပဲ မကောင်းတဲ့အတွေးတွေ တွေးတယ်၊ မကောင်းတဲ့စကားကို ပြောတယ်၊ မကောင်းတဲ့အလုပ်ကို လုပ်တယ်ဆိုတဲ့ ဆိုးဆိုးမိုက်မိုက် အကြံအစည်တွေ ရှိကြတယ်။

နောက်ဆုံးမှာ ပြောရမယ်ဆိုလို့ရှိရင် အားလုံးသိကြတဲ့ မယ်တော်မာယာရဲ့ မောင်အရင်း၊

http://www.dhammadownload.com



ယသော်ဓရာနဲ့ ဒေဝဒတ် မောင်နှမအရင်းရဲ့ ဖခင်၊ မြတ်စွာဘုရားရဲ့ ယောက္ခမတော်တဲ့ သုပ္ပဗုဒ္ဓဆိုတဲ့ သာကီဝင်မင်းဟာ ဘုရားပေါ်မှာ မကျေနပ်ဘူး၊ သူ မကျေနပ်တာ နှစ်ခုရှိတယ်၊ တစ်ခုက ဘာတုန်းဆိုရင် သူ့သမီးကို ယူပြီး တောထွက်သွားတာ၊ သူက "ငါ့ သမီးကို ယူပြီး တော့ သူက ကလေးတစ်ယောက်နဲ့ ပစ်ထားခဲ့တယ်"ဆိုတဲ့အမြင်မျိုး မြင်တာပေ့ါ၊ မြင် တော့ ဘုရားအပေါ်မှာ မကျေနပ်ဘူး။

နောက်တစ်ခု သူမကျေနပ်တာက "သူ့သား ဒေဝဒတ်ကို အခွင့်အရေးမပေးဘူး"လို့ သူ့စိတ်ထဲ ထင်တယ်၊ မြတ်စွာဘုရားကတော့ တော်တဲ့လူမှ တော်တဲ့အလျောက် အခွင့်အရေးပေးတာ၊ ဒါကြောင့် ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလန်တို့ကို အခွင့်အရေး ပေးတာကို မကျေနပ်ကြဘူး၊ ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့က ပုဏ္ဏားမျိုးတွေ၊ ဒီလူတွေကို ရာထူးကြီးကြီးပေးတယ်ဆိုတာကို ဘုရားရဲ့အမျိုးတွေ က ကျေနပ်မယ် မဟုတ်ဘူး၊ ဒါကတော့နော် ပေး

http://www.dhammadownload.com



ခြင်းပေးရင် ကိုယ့်အမျိုး ပေးရမယ်ပေါ့၊ မကျေနပ်နိုင်ဘူးပေါ့၊ အဲဒီလို သူ့မှာလည်း မကျေနပ်တဲ့အချက်နှစ်ချက် ရှိတယ်၊ သမီးကိစ္စနဲ့ သားဒေဝဒတ်ကိစ္စ၊ အဲဒီနှစ်ခုအပေါ်မှာ မကျေနပ်ဘူး။

မကျေနပ်တာကို သူက ပြသဖို့ရာ တစ်ခါကျတော့ ကြုံလာတယ်၊ မြို့လယ်ခေါင်လမ်းမမှာ သူက ခင်းကျင်းပြီးတော့ ဘာလုပ်နေလဲဆိုတော့ အရက်သောက်နေတယ်၊ အဲဒီလိုနေတဲ့အခါ မြတ်စွာဘုရားက အဲဒီလမ်းက ကြွလာတယ်၊ ကြွလာတော့ သွားပြောကြတာပေါ့၊ "ဘုရားကြွလာတယ်၊ ဒီလမ်းမှာ ဒီလိုလုပ်လို့ မတော်ဘူး"လို့ ပြောတော့ အရက်မူးမူးနဲ့ သူက ဘာပြန်ပြောတုန်းဆိုရင်း "အေး - သိဒ္ဓတ္ထက ငါ့တူပဲ၊ ငါက သူ့ထက် အသက်ကြီးတယ်ပေါ့၊ သူက ငါ့ထက် ငယ်တယ်၊ ဂရုစိုက်စရာ မလိုဘူးပေါ့၊ ဒီလမ်းက မသွားနဲ့၊ တခြားလမ်းက သွားပေါ့"လို့ မချေမငံ ပြောလွှတ်လိုက်တယ်၊ လမ်းဖယ်မပေးဘူး၊ ဖယ်မပေးခြင်းအကြောင်းကတော့ မကျေနပ်တာပဲ၊

http://www.dhammadownload.com



မကျေနပ်တဲ့အပေါ်မှာ ဘုရားကို သွားပြီးတော့ ပြစ်မှားမိတယ်၊ လူဆိုး လူမိုက်ရဲ့အတွေးနဲ့ အပြုအမူက အဲဒီလိုပဲ၊ ဒါနဲ့ ဘုရားက လှည့်ပြီးတော့ ပြန်သွားရတယ်။

အဲဒီလှည့်အပြန်လေးမှာ မြတ်စွာဘုရားရဲ့ မျက်နှာတော်က ပြုံးသွားတယ်၊ ပြုံးသွားတဲ့အခါကျတော့ ဘာဖြစ်လို့ ပြုံးတာလဲဆိုတာကို ရှင်အာနန္ဒက မေးတော့ "အင်း သုပ္ပဗုဒ္ဓတော့ ဒုက္ခရောက်တော့မယ်"ပေါ့၊ "ငါဘုရားအပေါ် မထေမဲ့မြင်လုပ်ပေမယ့် ဘဒ္ဒေးတော်ပဲ ဒုက္ခရောက်တော့မယ်၊ ငါ့ကို လမ်းပိတ်တဲ့ အကုသိုလ်ဟာ နည်းတဲ့အကုသိုလ် မဟုတ်ဘူး၊ ငါသွားတဲ့လမ်းကို သူပိတ်တယ်၊ ပိတ်ပြီးတော့ အရက်သောက်တယ်၊ ဒီရက်ကနေ ၇-ရက်ပြည့်လို့ ရှိရင် သူ့ရဲ့နန်းရင်ပြင် လှေခါးရင်း နန်းပြသာဒ် လှေခါးဆောင်မှာ သူမြေမျိုလိမ့်မယ်"တဲ့ ဘုရားက အဲဒီလိုပြောတယ်၊ အဲဒီလိုပြောလိုက်တာကို သူ့ရဲ့

http://www.dhammadownload.com



သူလျှိုစုံထောက်က ကြားသွားတယ်၊ သူပွဲဗုဒ္ဓကို ပြန် ပြောတယ်။

ပြောတဲ့အခါကျတော့ အဲဒီကျတော့ နည်း နည်း ကြောက်လာတယ်၊ တစ်ပိုင်းကလည်း ကြောက် တယ်၊ တစ်ပိုင်းကလည်း မယုံဘူးပေါ့၊ ဘုရားပြော တာတွေက အကုန်ဖြစ်တတ်တယ်၊ ခုခေတ်မှာ ကြည့် မယ်ဆိုလို့ရှိရင် သူတော်စင်တို့ ဘုန်းတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ပြောတာဖြစ်ဖြစ်လာတော့ အဲဒီမှာ ကြောက်တယ်ပေါ့၊ သူနည်းနည်းတော့ ကြောက် တယ်၊ သို့သော် ဘုရားပြောတဲ့စကား မှားရင် မုသာဝါဒနဲ့ စွပ်စွဲမယ်ဆိုပြီးတော့ သူဘာလုပ်လဲ၊ ၇- ရက်မတိုင်ခင်ကတည်းက ဘုံ ၇-ဆင့်ရှိတဲ့ နန်း ပြာသာဒ်ပေါ်မှာ တက်နေတယ်၊ တက်ပြီးတော့ တံခါး ပေါက်တိုင်း တံခါးပေါက်တိုင်းကို အင်မတန်အား ကောင်းမောင်းသန်တဲ့ (သူလာလို့ရှိရင် ပြန်ပြီးတော့ မဆင်းစေရဘူး၊ အတွင်းထဲကို ပြန်တွန်းပို့မယ့်) လူ ၇-ယောက်ထားတယ်၊ တစ်ထပ်ပြီး တစ်ထပ် အကုန်

http://www.dhammadownload.com



လုံး ထားတယ်၊ တံခါးကို လုံအောင် ပိတ်ပြီးတော့ အပေါ်ဆုံးနန်းပြသဒ်မှာ တက်ပြီး နေတယ်။

၇-ရက်လည်း မြောက်ရော ဘာဖြစ်လာတုန်း ဆိုရင် သူ့ရဲ့မင်္ဂလာမြင်းတော်ဟာ ကြိုးလွတ်ပြီးတော့ ဟီတာ၊ လန့်နေတော့ ဘယ်သူကမှ ထိန်းလို့ မရဘူး၊ မြင်းဟီပြီး မြင်းက ဟိုကန် ဒီကန် အကုန် လျှောက်ကန်နေတယ်၊ မြင်းက သူထိန်းမှ ရတယ်၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေ ထိန်းလို့ မရဘူး၊ အဲဒီအချိန်မှာ မြင်းထိန်းမယ်လို့ မေ့ပြီးတော့ အောက်ဆင်းဖို့ လုပ်တယ်၊ ၇-ရက်မြောက်တဲ့နေ့ ဘုရားကို လမ်းပိတ်လိုက်တဲ့အချိန် မချေမင်း ပြောလွှတ်လိုက်တဲ့အချိန်, အဲဒီအချိန် လောက်မှာပဲ မြင်းကြီးက ထိန်းမရအောင် ဆူညံပြီး ဟီနေတော့ မေ့ပြီး သူ တံခါးဖွင့်ပြီး ထွက်လိုက်တာ တံခါးတွေကလည်း အကုန်ပွင့်၊ အနားနားမှာ အစောင့်ထားတဲ့လူတွေကလည်းပဲ အပေါ်ပြန် တွန်းတင်ရမှာကို မေ့ပြီးတော့ အောက်ကိုချည်းပဲ တွန်းချနေကြတယ်၊ အဲဒီလို တစ်ထပ်ပြီး တစ်ထပ် အောက်

http://www.dhammadownload.com



ရောက်သွားတယ်၊ နောက်ဆုံးမှာ လှေခါးရင်း မြေပေါ်လည်း ရောက်ရော မြေမျိုသွားတယ်။

မြတ်စွာဘုရားက ဘာဖြစ်လို့ ဒီလိုကြိုတင်ပြီးတော့ ပြောနိုင်တာတုန်းဆိုတော့ သူ့စိတ်ဓာတ်တွေရဲ့အခြေအနေကို အကုန်လုံးသိထားတာမို့လို့နော်၊ ဒါက ဘာနဲ့ဥပမာတူတုန်းဆိုရင် weather condition လို ကြိုတင်ပြီးတော့ ပြောတာလို့ပဲ ပြောရမယ်၊ ခုခေတ်ရော မပြောဘူးလား၊ ဘင်္ဂလားအော်ထဲမှာ လေဖိရပ်ဝန်းတွေ အခြေပြုနေပြီ၊ ဘယ်နေ့ ဘယ်ရက် မုန်တိုင်းဝင်နိုင်တယ်ဆိုတာ ဟိုမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ကြည့်ပြီး ပြောတာ၊ အဲဒီတော့ မြတ်စွာဘုရားကလည်း သုပ္ပဗုဒ္ဓ ဒီလိုဖြစ်လိမ့်မယ်ဆိုတဲ့အခြေအနေ ဘာကို ကြည့်ပြောတာတုန်းလို့ဆိုရင် သူ့ရဲ့ရင်ထဲ နှလုံးထဲမှာရှိတဲ့ ဘုရားအပေါ်မှာ ကျေနပ်တာတစ်ခုမှ မရှိတဲ့ အင်မတန်ကြီးမားတဲ့ ရန်ငြိုးပေါ်မူတည်ပြီး ပြုလုပ်ခဲ့တဲ့ အဲဒီအကုသိုလ်ဟာ ဘယ်လိုတုန့်ပြန်လာမယ်ဆိုတာ သိလို့ ကြိုတင်

http://www.dhammadownload.com



ပြောတာ၊ ဒီအကုသိုလ်ရဲ့အကျိုးဆက်က ၇-ရက် မြောက်တဲ့နေ့မှာ အကျိုးပေးမယ်ဆိုတာ မြတ်စွာ ဘုရားက အတိအကျပြောလို့ ရတယ်ပေါ့၊ ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အခြေပြုနေတဲ့ အချက်အလက်တွေကို ကြည့်ပြီး မြတ်စွာဘုရားက အနာဂတ်ကို မှန်အောင် ဟောနိုင်တာ၊ အေး အဲဒီလို သုပ္ပဗုဒ္ဓကလည်း ကြည့်၊ ဆိုးဆိုးမိုက်မိုက် စိတ်ကောင်း နှလုံးကောင်း ထားရ မယ့်အစား မထားသည့်အတွက်ကြောင့် သူမြေမျိုပြီး တော့ အဝီစိငရဲကျသွားတယ်၊ ဒါကြောင့် သုပ္ပဗုဒ္ဓနဲ့ ဒေဝဒတ်း သားအဖနှစ်ယောက်စလုံးဟာ အဝီစိငရဲ ရောက်သွားကြတယ်၊ ယသော်ရောကတော့ စိတ် ကောင်းနှလုံးကောင်းရှိလို့ နောက်ဆုံးမှာ ရဟန္တာမ ကြီးဖြစ်သွားပြီး ပရိနိဗ္ဗာန်စံသွားပြီနော်။

အဲဒီတော့ ဆိုလိုတာက လူဆိုးလူမိုက်တွေရဲ့ သွားရာလမ်းတွေဟာ အကောင်းမရှိဘူး၊ အဆိုးတွေ ချည်းပဲ၊ နောက်ဆုံးမှာ ငရဲ တိရစ္ဆာန် ပြိတ္တာ

http://www.dhammadownload.com



အသုရကာယ် ဆိုတဲ့ အပါယ် ၄-ဘုံမှာ ဒုက္ခကြီးစွာ ရောက်ကြရတယ်တဲ့။

ဆိုးတယ်မိုက်တယ်ဆိုတဲ့ သဘာဝတရားတွေဟာ အပြင်က လာတာ မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ရင်ထဲနှလုံးထဲမှာ ဖြစ်ပေါ်လာတာတွေပါ။ အဲဒီဖြစ်ပေါ်လာတာတွေကို ကိုယ်ကိုယ်တိုင်ရှင်းမှပဲ ရပါတယ်၊ ဆရာမိဘတွေဆိုတာ ဆိုဆုံးမရုံပဲ ဆိုဆုံးမလို့ ရတယ်၊ ဒီလိုဆိုးမိုက်တဲ့အရာတွေ မိမိရဲ့ရင်ထဲမှာ ထားမယ်ဆိုလို့ရှိရင် ထိုလူဆိုးလူမိုက်တို့ရဲ့သွားရာလမ်းဟာ ဒီအတိုင်းပဲ ရှိပါတယ်ဆိုတာကို အားလုံး ကိုယ်စီကိုယ်စီ သဘောကျပြီး ဒီလူဆိုးလူမိုက်နဲ့ ပတ်သက်တဲ့ အကြောင်းအရာအချက်အလက်တွေကို သတိသံဝေဂကြီးစွာ ထားပြီးတော့ လူတော်လူကောင်းဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီး ထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြု လျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချီရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အသော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသင္ဂဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။
၉၉။
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ